မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ ၂၀၀၈ ခုနှစ်၊ မတ် ၃၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၈၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မတ် ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ မတ် ၃၀ရက်မှ ၃၁ရက်အထိ ကျင်းပမည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀နာရီတွင် အထူးလေယာဉ်ဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

မျိုးချစ်စိတ်ပြည့်ဝသူအများစုဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ကျွန်တော်တို့ မြန်မာနိုင်ငံသည် မျိုးချစ်စိတ်ပြည့်ဝသည့်၊ ဆန္ဒအလျောက် တိုင်းပြည်တာဝန်ကို ထမ်းဆောင်လိုကြသော မျိုးချစ်စစ်သားများဖြင့် ဖွဲ့စည်းထားသည့် မျိုးချစ်တပ်မတော်၏ထိန်းသိမ်းစောင့်ရှောက်မှုဖြင့်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နှစ်၆၀တိုင်တိုင် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းထားနိုင်ခဲ့ခြင်းဖြစ်။

မောင်အောင် (မွေးကု)၏ ဆောင်းပါး (စာ ၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၃၀ ရက်)

ရေထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေး စံချိန်စံညွှန်းမီ တိုးချဲ့မွေးမြူထုတ်လုပ်

မြန်မာနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်း ရှည်လျားသည့်အတွက် ရေထွက်ပစ္စည်း ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် ကမ်းနီးကမ်းဝေး ငါးဖမ်းကွက်များနှင့် မြစ်ကြီးများ၊ မြစ်လက်တက်ရေပြင်များမှလည်း ရေချို၊ ရေငန် ငါး၊ ပုစွန်များ ဖမ်းယူရရှိနိုင်သည်။

ငါးမွေးမြူထုတ်လုပ်သူများက မြစ်ချောင်းများအတွင်း ရေချိုငါးအမျိုးမျိုးနှင့် ရေချိုပုစွန်များကို စီးပွားဖြစ် မွေးမြူလျက်ရှိသည်။ ရေငန်ငါးမွေးမြူရေးအပိုင်းအနေဖြင့် ငါး၊ ကျောက်ပုစွန်၊ ကဏန်းပျော့နှင့် ပုစွန်အမျိုးမျိုး မွေးမြူကြသည်။

ရေချိုငါးမွေးမြူထုတ်လုပ်ရေးလုပ်ငန်းကိုလည်း ပြည်နယ်နှင့်တိုင်း အများစု၌ ငါးကန်များဖြင့် မွေးမြူကာ ထုတ်လုပ်လျက်ရှိသည်။ ဈေးကွက်ပို့ကုန်များတွင် ရေငန်ပုစွန်ကို အများဆုံးတင်ပို့ကြသည်။

ငါးရှဉ့်၊ ကဏန်း၊ ကဏန်းပျော့နှင့် ပုစွန် စသည့် ရေထွက်ပစ္စည်းများသည် ပြည်ပဝယ်လိုအား ကောင်းသဖြင့် ပြည်ပတင်ပို့ရောင်းချပြီး နိုင်ငံခြားငွေ ဖြည့်ဆည်းပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်မှ ထွက်ရှိသည့် ကဏန်းများကို မူဆယ် ၁၀၅မိုင်နှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိရာ ယခုအခါ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ပါ တင်ပို့ရန် စီစဉ်လျက်ရှိသည်။ ယခုအခါ ရေချိုပုစွန်များကို တိုးချဲ့မွေးမြူလျက်ရှိရာ တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သား၊ ငါးကဏ္ဍတွင် အမယ်သစ်များ မွေးမြူလျက်ရှိသကဲ့သို့ ဈေးကွက်ရှိပြီး နိုင်ငံတကာ လူကြိုက်များသည့် တီလားပီးယားနှင့် ကကတစ်ငါးမျိုးများ တိုးချဲ့မွေးမြူခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိလာမည် ဖြစ်သည်။

သို့ဖြစ်ရာ ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေထွက်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ တိုးချဲ့မွေးမြူထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံစေပြီး ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိဘများဖြစ်သော ဦးခိုင်ဇော်ဝင်း-ဒေါ်မျိုးသီတာမြင့်တို့အား အမှူးထား၍ အမှတ်၃၀၃(အေ) ၁လမ်း(မြောက်) အရှေ့ကြို့ကုန်း အင်းစိန်မြို့နေ မောင်သော်ကောင်းဆက်၏ (၇)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀၁၁၀၀လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးလှရှိန် လက်ခံယူစဉ်။ (က-ပ)

ကုန်စည်ဒိုင်များဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၂၉

ကုန်စည်ဒိုင်များဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို မတ် ၂၄ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ကျင်းပရာ ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စီးပွားရေးတက္ကသိုလ် ရန်ကုန်မှ ဒုတိယပါမောက္ခချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဖွင့်လှစ်ပြီး ကုန်စည်ဒိုင်များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ မုံရွာ၊ မကွေး၊ ပခုက္ကူ၊ တောင်ကြီး၊ အောင်ပန်း၊ မူဆယ်၊ လားရှိုး၊ ကျောက်မဲ၊ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ၊ ကျုံပျော်၊ ရေကြည် (ငသိုင်းချောင်း)၊ ဇလွန်၊ ဟင်္သာတနှင့် မြိတ် ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကားပြောကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူတို့က လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးညှိနှိုင်းကြသည်။

ကုန်စည်ဒိုင်များဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲမှ ရရှိသည့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ လက်ငင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လစဉ်ပုံမှန်အစည်းအဝေးများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၂)လှိုင်မြို့နယ်၏ ပဒေသာကပွဲကို မတ်၂၇ရက်က ကျောင်းခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က သားငယ်၊ သမီးငယ်များအား ဆုများပေးအပ်ချီးမြှင့်စဉ်။

(လူမှုဝန်ထမ်း)

မြဝတီရုပ်မြင်သံကြား

၃၀-၃-၂၀၀၈(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **နွေဦးကဗျာ**
၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၁။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၂။ လျှပ်တစ်ပြက်
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၄၉)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာအေး** (အပိုင်း-၅)

ရွှေတိဂုံ ပုံတူပွား စေတီတော် ထီးတော် ပူဇော်ခံမည်

ရန်ကုန် မတ် ၂၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင် စံပြကျေးရွာ ရွှေဂူကုန်း ကျောင်း၌ တည်ထားကိုးကွယ်မည့် ဉာဏ်တော် ၇၅ ပေရှိ ရွှေတိဂုံ ပုံတူပွား စေတီတော်၏ ထီးတော်ကို ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ်ရှိ ရွှေကျင်မြို့နယ်အသင်း (ရန်ကုန်)မဏ္ဍပ်၌ ဧပြီ ၁ရက်မှ ၇ရက်အထိ နေ့စဉ် နံနက် ၆နာရီမှ ည၈နာရီ အထိ ပူဇော်ခံမည်ဖြစ်ပါသဖြင့် မည်သူမဆို လာရောက်ဖူးမြော်နိုင်ပါကြောင်းနှင့် ဖုန်း-၀၁-၂၄၁၈၃၀သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

အိမ်မဲမြို့နယ်အသင်း ဆွမ်းဆန်စိမ်းလောင်းလှူကြမည်

ရန်ကုန် မတ် ၂၉

အိမ်မဲမြို့တွင် ရာပြည့်ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို သင်္ကြန်အတက်နေ့ (ဧပြီ၁၆ရက်)တွင် ကျင်းပမည့် အလှူတော်၌ အိမ်မဲမြို့နယ်အသင်း (ရန်ကုန်) ဌာနေ အသင်းဝင်များနှင့် စုပေါင်းကာ လောင်းလှူမည်ဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တစ်ရက်ကြိုတင်သွားရောက်မည်ဖြစ်ရာ ဧပြီ ၁၅ရက်တွင် စုရပ်ဖြစ်သော လသာလမ်းနှင့် ကျုံးကြီးလမ်းမှ ကားထွက်မည်ဖြစ်၍ လိုက်ပါလှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအောင်တင် ဖုန်း-၂၅၁၃၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင်သိန်း ဖုန်း-၂၄၆၉၃၇၊ အတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း-၅၆၅၁၄၀၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၆၆၂၄၆၇၊ ဦးကြည်ဦး ဖုန်း-၅၂၄၄၆၀၊ အကျိုးဆောင်ဦးသိန်းလွင် ဖုန်း-၆၆၁၃၄၉ တို့နှင့် ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ဝန်ထမ်းသီးသန့်တရားစခန်းဖွင့်မည်

နေပြည်တော် မတ် ၂၉

နေပြည်တော်ပျဉ်းမနား ပန်းခင်းကွက်သစ် ပင်မလမ်း ဘုရားကြီးတောရကျောင်း ရွှေပြည်အေးမဟာစည်ရိပ်သာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဓမ္မပါလသည် သင်္ကြန်ရုံးပိတ်ရက်အတွင်း ဝန်ကြီးဌာနအသီးသီးရှိ ရုံးဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများ၊ ကုမ္ပဏီဝန်ထမ်းများအတွက် သီးသန့်ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှစ၍ ၁၈ရက်အထိ ပထမအကြိမ်ဖွင့်လှစ်မည်ဖြစ်သည်။ ဒုလ္လဘရဟန်းဝတ်လိုသူများအား ဆရာတော်က သပိတ်၊ သင်္ကန်းစသည်တို့ကို ထောက်ပံ့လှူဒါန်းပေးမည်။ သီလရှင်ဝတ်လိုပါက ဝတ်နိုင်ပြီး စားစရိတ်နှင့် ဝင်ကြေးမရှိ တရားအားထုတ်နိုင်ကြကာ စာရင်းပေးသွင်းလိုပါက ဖုန်း-၀၆၇-၂၃၀၄၃သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေး ရှေးသာသနာပြုမင်းအဆက်ဆက်မှ ယခုမျက်မှောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ဆရာ၊ ဒကာ လက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ - မြန်မာ့သတင်းစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓသာသနာတော် အရှည်တည်တံ့ထွန်းကားရာ နိုင်ငံဖြစ်သည်။ မျက်မှောက်ခေတ်ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရာ နိုင်ငံများအလယ်တွင်လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ထေရဝါဒ ဗုဒ္ဓသာသနာတော်နှင့် စပ်လျဉ်း၍ ရှေ့တန်းအကျဆုံး ခံတပ်သဖွယ်တည်ရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် သမိုင်းပညာရှင်များက သတ်မှတ်ထားပေသည်။ ထိုသို့ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး နေရောင်လရောင်ပမာ နိုင်ငံတော်အတွင်း ထွန်းလင်းတောက်ပ ပြန့်ပွားရခြင်းမှာ သံဃာ့အဖွဲ့အစည်းဝင် သံဃာတော်အရှင်သူမြတ်တို့သည် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို ဘုရားရှင် လက်ထက်တော်မှစ၍ ယနေ့မျက်မှောက်ခေတ် နှစ်ပေါင်း ၂၅၅၁နှစ်သို့ တိုင်အောင် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းထမ်းဆောင်တော်မူလာကြခြင်းက တစ်ကြောင်း၊ ရှေးသာသနာပြု မင်းအဆက်ဆက်မှသည် မျက်မှောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ဆရာ၊ ဒကာ လက်တွဲညီညာစွာ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ကြိုးပမ်းဆောင်ရွက်မှုကြောင့် တစ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားတို့၏ အမျိုးဘာသာ သာသနာအပေါ် သဒ္ဓါတရား ဦးထိပ်ထား၍ ကော်ရော်ပူဇော်အလေးထားကြည်ညိုခဲ့ကြခြင်းကလည်း တစ်ကြောင်း စသည်တို့ကြောင့်ဖြစ်သည်။

သို့သော် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ မြန်မာနိုင်ငံ ကျရောက်စဉ်ကမူ လောကဓံဆိုးများကြောင့် အချို့သောသာသနာ့ဝန်ထမ်း၊ ရဟန်းသာမဏေများသည် သာသနာ့စိတ်ဓာတ်ပျက်ပြားကာ ဝိနည်းသိက္ခာပုဒ်တော်များကို လေးလေးစားစား မကျင့်တော့ဘဲ မိစ္ဆာဇီဝ အနေသနမှု တို့ကိုပြုလုပ်ခြင်း၊ သာသနာ့စင်ပြိုင်အဖွဲ့အစည်းများ တည်ထောင်ခြင်းစသည့် သာသနာ့အန္တရာယ်များ ပေါ်ပေါက်လာ၍ ထေရဝါဒဗုဒ္ဓသာသနာတော်သည် ညှိုးမှိန်မှုနှင့် ကြုံခဲ့ရသည်။ ဗုဒ္ဓဘာသာဝင် နိုင်ငံသူ၊ နိုင်ငံသားတို့၏ စိတ်နှလုံးသည်လည်း စိုးရိမ်သောကဗျာပါဒတို့ဖြင့် ညှိုးနွမ်းမတတ် ခံစားခဲ့ရဖူးသည်။

ထို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အစဉ်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် နိုင်ငံတော်အစိုးရ၏ကူညီပံ့ပိုးမှုဖြင့် ပြည်နယ်နှင့် တိုင်း အသီးသီး၊ ဂိုဏ်းအသီးသီးတို့မှ သာသနာ့ဦးသျှောင်ဆရာတော်ကြီးများသည် သံဃသမ္မုတိက သံဃာကိုယ်စားလှယ် ၁၂၁၈ပါးတို့ တက်ရောက်ကြသည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ၁၉၈၀ပြည့်နှစ်တွင်ကျင်းပကာ "သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း" နှင့် "လုပ်ထုံး လုပ်နည်းများ"ကို အတည်ပြုပြဋ္ဌာန်းတော်မူကြပြီးလျှင် ယင်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ကွက်၊ ကျေးရွာအဆင့်မှ နိုင်ငံတော်အဆင့်အထိ သံဃာ့ဝန်ဆောင်၊ သံဃာ့နာယကအဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းလျက် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးဟူသော သာသနာ့ကိစ္စအဝဝကို ယနေ့ကာလတိုင်အောင် ဆရာ၊ ဒကာ လက်တွဲညီညာစွာ ဆောင်ရွက်ခဲ့ကြသည်။

၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင်

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ချီးမြှင့်ခြင်းခံရသည့် ဆရာတော်ကြီးများအား ဖူးတွေ့ရစဉ်။

ခေတ်အဆက်ဆက်က ဆက်ကပ်အပ်နှင်းခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအပြင် သာသနာတော်ဆိုင်ရာ ကဏ္ဍစုံပါဝင်သည့် ဘွဲ့တံဆိပ်တော် အမျိုးပေါင်း ၂၀ တို့ကို တီထွင်ပြဋ္ဌာန်း၍ ဆက်ကပ်အပ်နှင်းကာ သာသနာတော်မြတ်ကြီးကို နေရောင်လရောင်ပမာ ပိုမိုထွန်းကားပြန့်ပွားလာစေရန် ကြိုးပမ်းခဲ့သည်။

၁၉၉၂ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ၁၆နှစ်အတွင်း ရဟန်းသံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ် အမျိုးသား၊ အမျိုးသမီးပေါင်း၄၂၆၃ဦးတို့ကို သာသနာတော်ဆိုင်ရာ ကဏ္ဍစုံပါဝင်သော ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်အပ်နှင်းခဲ့သည်။

အလားတူ ၂၀၀၈ခုနှစ် ဇန်နဝါရီ၄ရက်(လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာ(၁/၂၀၀၈)ဖြင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါး၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးခြောက်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်၂၈ပါး၊ သာသနာပြု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၀၃ပါး၊ ဓမ္မကထိကဘွဲ့တံဆိပ်တော်ရ ဆရာတော်ရှစ်ပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၁ပါး၊ စာချ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၅၆ပါး၊ စာချဘွဲ့တံဆိပ်တော်ရ သီလရှင်၁၄ပါး၊ သာသနာပြု ဘွဲ့တံဆိပ်တော်ရ သီလရှင်ခြောက်ပါး၊ သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသားသုံးဦး၊ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ အမျိုးသား၃၆ဦးနှင့် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၄၄ဦး စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရပုဂ္ဂိုလ် ၄၃၈ဦး တို့ကို ထုတ်ပြန်ကြေညာကာ မတ်၂၁ရက်(တပေါင်းလပြည့်နေ့)တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးလိုဏ်ဂူတော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် သာသနာနုဂ္ဂဟသာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ခမ်းနားသိုက်မြိုက်စွာဆက်ကပ်လှူဒါန်းအပ်နှင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခဲ့သည်။ ။

၁၃၆၉ခုနှစ် တပေါင်းလပြည့်နေ့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပစဉ်။

၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ခေတ်အဆက်ဆက်က ဆက်ကပ်အပ်နှင်းခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအပြင် သာသနာတော်ဆိုင်ရာ ကဏ္ဍစုံပါဝင်သည့် ဘွဲ့တံဆိပ်တော် အမျိုးပေါင်း ၂၀ တို့ကို တီထွင်ပြဋ္ဌာန်း၍ ဆက်ကပ်အပ်နှင်းကာ သာသနာတော်မြတ်ကြီးကို နေရောင်လရောင်ပမာ ပိုမိုထွန်းကားပြန့်ပွားလာစေရန် ကြိုးပမ်းခဲ့။

ဂျပန်၏ ပထမဆုံးသော ခရီးသည်တင်ဂျက်လေယာဉ်များ မစ်ဆူဘီရှိ အကြီးစားစက်မှုလုပ်ငန်းက ထုတ်လုပ်မည်

တိုကျို မတ် ၂၉

ဂျပန်နိုင်ငံ၏ ပထမဆုံးသော ခရီးသည်တင်ဂျက်လေယာဉ်(အောက်ပုံ)ထုတ်လုပ်ရေး စီမံကိန်းအတွက် မစ်ဆူဘီရှိ အကြီးစားစက်မှုလုပ်ငန်းက အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်ကို မတ် ၂၈ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါကုမ္ပဏီသည် ဘရာဇီးလေယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီ အမ်ဘရာယာနှင့် ကနေဒါလေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီ ဘုံဘာဒီယာတို့နှင့် အပြိုင် လေယာဉ်ငယ်များထုတ်လုပ်သွားရန် မျှော်မှန်းထားသည်ဟု ဆိုသည်။

ပြောကြား

ခရီးသည် ၇၀နှင့် ၉၀ဆံ့သော လေယာဉ်များကို ၂၀၁၃ခုနှစ်တွင် ပထမဆင့်အဖြစ် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း မစ်ဆူဘီရှိလုပ်ငန်းမှ တာဝန်ရှိသူက ပြောကြားသည်။

မျှော်မှန်း

မစ်ဆူဘီရှိမှ ထုတ်လုပ်မည့် ဂျက်လေယာဉ်၂၅စင်းကို ဂျပန်နိုင်ငံ၏ နမ်ပွန်လေကြောင်းလိုင်းကမှာယူထားပြီဖြစ်ကြောင်း၊ လာမည့် အနှစ်၂၀မှ ၃၀အတွင်း လေယာဉ်စင်းရေ ၁၀၀၀ ထုတ်လုပ် ရောင်းချသွားရန် မျှော်မှန်းထားကြောင်းငင်းကုမ္ပဏီကဆက်လက်ပြောကြားသည်။

ကူညီပံ့ပိုး

မစ်ဆူဘီရှိမှ ထုတ်လုပ်မည့် အဆိုပါ ဂျက်လေယာဉ်များအတွက် လိုအပ်သောအင်ဂျင်ကို အမေရိကန်မှ အကြီးစားလေယာဉ်အင်ဂျင်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ပရက်(တ်)နှင့် ဝှစ်တနီတို့က ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စတင်ဆောင်ရွက်

တရုတ်နှင့် ရုရှားနိုင်ငံတို့သည်လည်း အလားတူဂျက်လေယာဉ်များ ထုတ်လုပ်ရန်လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိရာ လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ လျင်မြန်စွာ တိုးတက်လာတော့မည် ဖြစ်သည်။ **(အင်တာနက်)**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ သင်္ဘောဟောင်းများအား ပြန်လည်ပြုပြင်သည့် သင်္ဘောကျင်းတစ်နေရာကို မတ် ၂၉ရက်က ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ဒုံးပျံလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီများ အာကာသခရီးသွားဈေးကွက်တွင် အပြိုင်ဖြစ်လာ

ကယ်လီဖိုးနီးယား မတ် ၂၉

ကယ်လီဖိုးနီးယားအခြေစိုက် ဒုံးပျံလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် အိတ်ဇ်ကော်ကုမ္ပဏီသည် အနာဂတ်အာကာသခရီးသွားလုပ်ငန်း ဈေးကွက်ကို ခွဲဝေယူရန်မျှော်လင့်ထားကြောင်း ၄င်းကုမ္ပဏီကပြောကြားသည်။

ပို့ဆောင်

ယင်းကုမ္ပဏီက ထုတ်လုပ်ထားသည့် လင့်ဇ်ဒုံးပျံလေယာဉ်သည် ကမ္ဘာမြေမျက်နှာပြင်အထက် ကီလိုမီတာ ၆၀တွင် လေယာဉ်မှူးတစ်ဦးက အာကာသခရီးသည် တစ်ဦးသာ ပို့ဆောင်ပေးမည်ဟု ဆိုသည်။

ထိုဒုံးပျံလေယာဉ်ထုတ်လုပ်လိုက်ခြင်းသည် ဥရောပ၏ အကြီးဆုံး လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်လာသည့် အေအီးဒီအက်စ်အာထရီယမ်နှင့် အပြိုင်ဖြစ်လာမည်ဖြစ်ကြောင်း အိတ်ဇ်ကော်ကုမ္ပဏီက ပြောကြားသည်။

မျှော်လင့်

လင့်ဇ် ဒုံးပျံလေယာဉ်ဖြင့် အာကာသသို့ ခရီးသွားဧည့်သည်များကို ၂၀၁၀ပြည့်နှစ်တွင် စတင်ပို့ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း အိတ်ဇ်ကော်ကုမ္ပဏီက ပြောကြားသည်။

အာထရီယမ် ဒုံးပျံလေယာဉ်များကိုလည်း ၂၀၁၀ပြည့်နှစ်တွင် လူတစ်ဦးလျှင် ဒေါ်လာနှစ်သိန်းနှုန်းဖြင့် တစ်နှစ်တွင် လူပေါင်း ၁၅၀၀ခန့် အာကာသသို့စေလွှတ်ပေးရန် စီစဉ်ကြိုးပမ်းလျက်ရှိသည်။

(အင်တာနက်)

အိတ်ဇ်ကော် ကုမ္ပဏီကထုတ်လုပ်လိုက်သော ဒုံးပျံ လေယာဉ် တစ် စင်း ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘာဆာရာ၌ ရေနံပိုက်လိုင်း ဖောက်ခွဲခံရမှု တစ်နေ့ စည်ပေါင်းသန်းဝက်ခန့် ထုတ်လုပ်မှုလျော့ကျ

ဘဂ္ဂဒက် မတ် ၂၉

အီရတ်နိုင်ငံ တောင်ပိုင်း၌ အဓိက ရေနံတင်ပို့ ရောင်းချသည့် ပိုက်လိုင်းနှစ်လိုင်းအနက်မှ တစ်လိုင်း **(ယာပုံ)**ကို ဖောက်ခွဲဖျက်ဆီးရေးသမားများက မတ် ၂၇ရက်တွင် ဖောက်ခွဲဖျက်ဆီးလိုက်၍ တစ်ရက်ရေနံတင်ပို့မှု စည်ပေါင်းသန်းဝက်ခန့် လျော့ကျသွားကြောင်း တောင်ပိုင်းရှိ ရေနံထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုက ရိုက်တာသို့ ပြောကြားသည်။

သုံးရက်မြောက်

ယင်းတိုက်ခိုက်မှုသည် အီရတ်တပ်များက ဘာဆာရာဆိပ်ကမ်း၌ ရှီးယိုက်ခေါင်းဆောင် မော့တာဒါ အယ်လ်ဆာဒါး၏ တိုက်ခိုက်ရေးသမားများအား ချေမှုန်းတိုက်ခိုက်သည့် သုံးရက်မြောက်နေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းပိုက်လိုင်းသည် ဘာဆာရာမြို့တောင်ပိုင်းမှ ခုနစ်ကီလိုမီတာအကွာ၌ရှိသည်။

မြင့်တက်

ထိုတိုက်ခိုက်မှုသတင်းကြောင့် အမေရိကန်ရေနံဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၇ ဒေါ်လာနီးပါး မြင့်တက်သွားသည်။

အီရတ်နိုင်ငံသည် ဖေဖော်ဝါရီလတွင် ဘာဆာရာမှတစ်နေ့လျှင် စည်ပေါင်း ၁ဒသမ၅၄သန်း တင်ပို့ရောင်းချနေကြောင်း တာဝန်ရှိသူများကပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အမေရိကန်နိုင်ငံ အာကင်ဆောပြည်နယ်ရှိ ကာလာရင်ဒန်အရပ်တွင် ရေလွှမ်းမှုဖြစ်ပေါ်နေသည့်မြင်ကွင်းကို မတ် ၂၉ရက်က ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

လိမ္မာလိုက်တဲ့သား ....

မိမိ၌အမှားအယွင်း လုံးဝမလုပ်သော သားတစ်ယောက်ရှိသည်ဟု ပြောကြားနေသည့် မိခင်အား လူတစ်ဦးက မေးမြန်းခဲ့သည်။

အမျိုးသား ။ ။ အစ်မကြီးသားက ဘာအမှားအယွင်းမှ မလုပ်ဘူးလား။

မိခင် ။ ။ သိပ်လိမ္မာတဲ့ကလေးပါ။ ဘာအမှားမှမလုပ်ဘူး။

အမျိုးသား ။ ။ သူဆေးလိပ်သောက်လား။

မိခင် ။ ။ မသောက်ဘူး။

အမျိုးသား ။ ။ အရက်ကောသောက်လား။

မိခင် ။ ။ လုံးဝမသောက်ဘူး။

အမျိုးသား ။ ။ အပြင်ထွက်လျှောက်လည်တာကော။

မိခင် ။ ။ အဲဒါလဲမလုပ်ဘူး။

အမျိုးသား ။ ။ မိဘတွေကို စိတ်ဆင်းရဲအောင်ကောလုပ်လား။

မိခင် ။ ။ တစ်ခါမှမလုပ်ဘူး။

အမျိုးသား ။ ။ အင်း···ဒါဆို တော်တော်လိမ္မာတဲ့သားပါပဲ။ ဒါနဲ့····သူ့အသက်ကဘယ်လောက်လဲ····

မိခင် ။ ။ ''ခြောက်လ''ပါ။

အမျိုးသား ။ ။ ''ဗျာ''

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဆာဒါး၏နောက်လိုက်များအား အီရတ်အစိုးရတပ်ဖွဲ့ စစ်ဆင်ရေးဆင်နွှဲ

ဘာဆာရာ မတ် ၂၉

ရှီးယိုက် ဘာသာရေးခေါင်းဆောင် မော့တာဒါအယ်လ်ဆာဒါး၏ နောက်လိုက်များအား အီရတ်အစိုးရက ချေမှုန်းရာတွင် အဓိကနေရာဖြစ်သည့် ဘာဆာရာမြို့မှ ၁၀မိနစ်၊ ၁၅မိနစ်လျှင် တစ်ကြိမ်နှုန်းဖြင့် ပေါက်ကွဲသံများ မတ်၂၈ရက်က ကြားနေရသည်ဆို၏။

အစိုးရက အကြီးမားဆုံးစစ်ဆင်ရေးစတင်ဆင်နွှဲပြီးနောက် အကြမ်းဖက်မှုများ ပျံ့နှံ့မသွားစေရန်အတွက် အီရတ်နိုင်ငံတောင်ပိုင်းတွင် ညမထွက်ရအမိန့်များ ထုတ်ပြန်ထားသည်။

အီရတ်နိုင်ငံ၏ လူများစုရှီးယိုက်အုပ်စုကို အကွဲအပြဲဖြစ်စေသည့် ထိုတိုက်ခိုက်မှုများကြောင့် လူ ၁၀၀ကျော်သေဆုံးပြီး ရာပေါင်းများစွာ ဒဏ်ရာရသွားသည်။ ထို့ပြင် မစ္စတာဆာဒါးပြီးခဲ့သည့်နှစ်က ကြေညာထားသည့် အပစ်အခတ်ရပ်စဲမှုလည်း ကျိုးပေါက်သွားပြီဖြစ်သည်။

အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ ဘာဆာရာမှ မြို့သူမြို့သားများ၏ အဆိုအရ တိုက်ခိုက်မှုများမှာ ၂၀၀၃ခုနှစ်တွင် အီရတ်သို့ အမေရိကန်တပ်များ ကျူးကျော်ပြီးကတည်းက အဆိုးရွားဆုံးဖြစ်သည်ဟု သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

စစ်ဘက်ဆိုင်ရာဘွဲ့လွန်ကျောင်း အင်ဒိုနီးရှားတွင် ဖွင့်မည်

ဂျကာတာ မတ် ၂၉

အင်ဒိုနီးရှားနိုင်ငံတွင် စစ်ဘက်ဆိုင်ရာအရာရှိများ၏ သိပ္ပံပညာဆိုင်ရာ ဗဟုသုတ ပညာများကို မြှင့်တင်ရန် ရည်ရွယ်လျက် ကမ္ဘာ့အဆင့်မီ စစ်ဘက်ဆိုင်ရာ ဘွဲ့လွန်သင်တန်းကျောင်း တစ်ကျောင်းကို ဖွင့်လှစ်မည်ဟု အစိုးရက ကြေညာကြောင်း ဒေသဆိုင်ရာ သတင်းစာက မတ် ၂၇ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတ ဆူဆီလိုဘန်ဘန်း ယူဒိုယိုနိုက ပညာရေးဝန်ကြီး ဘန်ဘန်း ဆူဒစ်ယိုနှင့် စစ်ဘက်ဆိုင်ရာ အကြီးအကဲ ဗိုလ်ချုပ်ကြီး ဒီဂျိုကိုဆန်တိုဆိုတို့အား ယင်းစီမံကိန်းကို အကောင်အထည်ဖော်ရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

30-3 (04).pmd 1 3/30/2008, 1:17 AM

အီရတ်စစ်ပွဲငါးနှစ်အလွန်....

သတင်းအက်ဆေး

အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်ကို ကျူးကျော်ဝင်ရောက်ခဲ့သည်မှာ ယနေ့ဆိုပါလျှင် ငါးနှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ တိတိကျကျဆိုလျှင် ငါးနှစ်နှင့် ၁၀ရက်ရှိပြီဖြစ်သည်။ နောက်ကြောင်းပြန်ရသော်-

အီရတ်အစိုးရသည် လူအများအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များ(ဒဗလျူအမ်ဒီ) ပိုင်ဆိုင်ထားရှိသဖြင့် ထိုလက်နက်များအကြမ်းဖက်သမားတို့လက်သို့ရောက်မသွားရန် လိုအပ်သည်ဟုဆိုသည်။

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အားဖြုတ်ချရန် အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲ၏ နိဒါန်းအဖြစ် ၂၀၀၃ခုနှစ် မတ်လ ၂၀ရက်က ဘဂ္ဂဒက်မြို့တော်ကို ဒုံးကျည်များဖြင့် စတင်တိုက်ခိုက်သည်။ သည့်နောက်တွင် အမေရိကန်နှင့် ဗြိတိန်ခြေလျင်တပ်များက အီရတ်တောင်ပိုင်းမှ ဝင်ရောက်လာကြသည်။ ဧပြီလ ၉ရက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဘဂ္ဂဒက်မြို့တော်သို့ ဝင်ရောက်သည်။

အတည်ပြု

၂၀၀၃ခုနှစ် ဒီဇင်ဘာ ၁၄ရက်တွင် ဆက်ဒမ်ဟူစိန်ကို တီကရစ်မြို့၌ ဖမ်းမိသည်။ လူသားအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုဖြင့် စွဲချက်တင် စစ်ဆေးသည်။ ပြစ်မှုထင်ရှားသဖြင့် ၂၀၀၆ခုနှစ် နိုဝင်ဘာတွင် သေဒဏ်စီရင်သည်။ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် သမ္မတ ဆက်ဒမ်ဟူစိန် ကြိုးပေးကွပ်မျက်ခံရသည်။ အီရတ်၌ လူများအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်မတွေ့ရှိကြောင်း ကျွမ်းကျင်သူများက အတည်ပြုသည်။

အီရတ်နိုင်ငံသည် ရေနံထွက်သည့်နိုင်ငံဖြစ်သည်။ ၁၉၇၉ခုနှစ် ဆက်ဒမ်ဟူစိန် သမ္မတဖြစ်လာချိန်တွင် နိုင်ငံခြားသုံးဝင်ငွေ၏ ၉၅ရာခိုင်နှုန်းမှာ ရေနံမှရသည်။ သို့သော် ၁၉၈၀-၈၈ခုနှစ် အီရန်နှင့်စစ်ပွဲ၊ ကူဝိတ်ကို အီရတ်က ကျူးကျော်ပြီးနောက် ၁၉၉၁ခုနှစ် ပင်လယ်ကွေ့ စစ်ပွဲနှင့်တကွ နောက်ပိုင်းနိုင်ငံတကာအသိုက်အဝန်း၏ ပိတ်ပင်မှုတို့ကြောင့် အီရတ်၏ စီးပွားရေးနှင့် လူမှုရေးထိခိုက်ပျက်စီးရသည်။ ဆက်ဒမ်ဟူစိန် ခေတ်လွန်တွင် ယနေ့တည်ငြိမ်အေးချမ်းမှု ကင်းမဲ့မှုများကြောင့် စီးပွားရေးနှင့် လူမှုရေး နာလန်မထူနိုင်အောင် ရှိချေသည်။

ခန့်မှန်းနိုင်

အီရတ်ပြည်သူများမှာ အီရတ်စစ်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်ကြရသည်မှာ ဆန်ကောထဲ ဆီးဖြူသီးလိမ့်သကဲ့သို့ရှိသည်။ အိမ်နီးချင်း နိုင်ငံများသို့ သွားရောက်ခိုလှုံသည်မှာလည်းမနည်း၊ ပြန်လာသည့်ဦးရေက သိပ်မများ၊ ပြေးရင်းလွှားရင်း သေဆုံးရသူဦးရေမှာ များသည်ဟုသာ ဆိုနိုင်သည်။ အတိအကျ ယခုချိန်အထိ မည်သူမျှမသိနိုင်ပေ။ ၂၀၀၆ခုနှစ် မေနှင့်ဇွန်လတွင်

အမေရိကန်တို့ ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ဤသို့ပျက်စီးခဲ့သည်မှာ....

အီရတ်အကြမ်းဖက် တိုက်ခိုက်မှုကြောင့် ပျမ်းမျှအရပ်သား ၁၀၀ကျော် နေ့စဉ်သေဆုံးကြောင်း ကုလသမဂ္ဂက ကြေညာသည်ကို ထောက်ဆ၍ မည်မျှများနိုင်သည်ကို ခန့်မှန်းနိုင်သည်။

အီရတ်စစ်ပွဲ ငါးနှစ်သက်တမ်း အတွင်းတွင်(၂၀၀၃ခုနှစ် မတ်လမှ ၂၀၀၈ခုနှစ်မတ်လအထိ) အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း၄၀၀၄ဦး သေဆုံးပြီး ဗြိတိန်တပ်ဖွဲ့ဝင်ဦးရေ ၁၇၆ဦးသေဆုံးကာ၊ အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင် ၁၃၃ဦး သေဆုံးသည်။ အမေရိကန် ကြည်း၊ ရေ၊ လေ၊ မရိန်း တပ်ဖွဲ့ဝင်စုစုပေါင်း ၄၀၂၉၉ဦး ငါးနှစ်အတွင်း ဒဏ်ရာရခဲ့သည်။

ဝမ်းနည်းကြ

မည်သို့ပင်ဆိုစေ အီရတ်စစ်ပွဲ ငါးနှစ်သက်တမ်းတွင် အမေရိကန် တပ်ဖွဲ့ဝင် ၄၀၀၄ဦးသေဆုံးရသည့်အတွက် မိသားစုဝင်များရော အမေရိကန်ပြည်သူတို့ကပါ ဝမ်းနည်းကြသည်။

စစ်ပွဲကြောင့် အီရတ်မြို့ကြီးများ ဤသို့ လူသူကင်းမဲ့ခဲ့သည်။

အမေရိကန်သမ္မတက အီရတ်စစ်ပွဲ၏ရလဒ်သည် ထိုမျှစွန့်လွှတ်ထိုက်ကြောင်း၊ မဟာဗျူဟာမှာ အောင်ပွဲခံရေး ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ယခုရက်သတ္တပတ်တွင် ပြောကြားလိုက်သည်။

သူဆိုလိုသည့် အောင်ပွဲမှာ ဘာဆိုလိုသည်ကို မေးခွန်းထုတ်နေကြသည်။ ဆက်ဒမ်ဟူစိန်၏ စစ်တပ်အပေါ် အနိုင်ရ အောင်ပွဲခံပြီး အီရတ်အစိုးရကို ဖယ်ရှားလိုက်ခြင်းဖြင့် ဒီမိုကရေစီ အီရတ်နိုင်ငံသစ် ပေါ်ပေါက်စေမည်ဖြစ်ပြီး အရှေ့အလယ်ပိုင်းတွင် လွတ်လပ်ရေးစံနမူနာကို အီရတ်က ပြသနိုင်မည်ဟု မူလက အောင်ပွဲ၏အဓိပ္ပာယ်ကို ခံ့ထည်စွာ ဖွင့်ဆိုခဲ့သည်။

၂၀၀၅ခုနှစ် နိုဝင်ဘာလက အမေရိကန် ရေတပ်သိပ္ပံ၌ အမေရိကန် သမ္မတ မိန့်ခွန်းပြောသောအခါ **"အောင်ပွဲအတွက် မဟာဗျူဟာတစ်ရပ်"** ဟူသည့် ခေါင်းစဉ်သို့ ပြောင်းလဲလာသည်။

အကြမ်းဖက်သမားများနှင့် ဆက်ဒမ်ဟူစိန် နောက်လိုက်များ အီရတ်ဒီမိုကရေစီကို မခြိမ်းခြောက်နိုင်သောအခါ၊ အီရတ် လုံခြုံရေးတပ်များ ကိုယ့်နိုင်ငံသားများ၏ လုံခြုံရေးကို အကာအကွယ်ပေးနိုင်သောအခါ၊ မိမိတို့ အမေရိကန်နိုင်ငံကို နောက်ထပ်တိုက်ခိုက်ရေးအတွက် အကြမ်းဖက်သမားများ အနေဖြင့် အီရတ်ကို ဘေးကင်းလုံခြုံရာ နေရာအဖြစ် အသုံးမချနိုင်သောအခါ အောင်ပွဲခံရလိမ့်မည်ဟု ပြောကြားလိုက်သည်။

ယင်းနောက် ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် အမေရိကန် အမျိုးသားလုံခြုံရေးကောင်စီက အီရတ် မဟာဗျူဟာသုံးသပ်ချက်စာတမ်းပါ သဘောထားကို တရားဝင်လက်ခံလိုက်သည်။ "မဟာဗျူဟာရည်မှန်းချက်မှာ ကိုယ်ပိုင်

ကျူးကျော်သူတို့ကြောင့် ဗုံးခွဲတိုက်ခိုက်မှုများကလည်း ဤသို့....

အုပ်ချုပ်နိုင်သော၊ ကိုယ်ပိုင်ကာကွယ်နိုင်သော၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် မဟာမိတ်တစ်ဦးအဖြစ် ပါဝင်နိုင်သော စည်းလုံးညီညွတ်သည့် အီရတ်ဒီမိုကရေစီ နိုင်ငံဖြစ်လာရေးပင် ဖြစ်ကြောင်း" စာတမ်းတွင် ဖွင့်ဆိုဖော်ပြထားသည်။

အမေရိကန်စံနှုန်းနှင့်ပင် ငါးနှစ်သက်တမ်းအတွင်း အောင်ပွဲသည် နီးလာပြီလော၊ ဝေးသေးသလော ဆန်းစစ်ကြည့်မည်ဆိုလျှင် အီရတ်သည် ညီညီညွတ်ညွတ်ဖြင့် ဒီမိုကရေစီလည်းမထူထောင်နိုင်သေး၊ကိုယ်ပိုင်အုပ်ချုပ်နိုင်ခြင်း၊ ကိုယ့်နိုင်ငံသားများကို ကိုယ်ပိုင်လုံခြုံမှုလည်းကောင်းစွာမပေးနိုင်၊ အကြမ်းဖက်သမားများကိုလည်း မောင်းမထုတ်နိုင်ဘဲရှိနေသည်မှာ ထင်ရှားသည်။

အီရတ်တွင် စစ်ရေးအရ အောင်ပွဲလုံးလုံးမရသေးကြောင်း ဗိုလ်ချုပ်ကြီး ပက်ထရီယတ်က အထပ်ထပ် ပြောကြားသည်။

အီရတ်တွင်ပြီးခဲ့သည့်နှစ်က အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံအားဖြည့်ပေးပို့ခြင်းဖြင့် အထိုက်အလျောက် အကြမ်းဖက်မှုကို ထိန်းထားနိုင်သည်။ သို့သော်သက်တမ်းကုန်ဆုံးသွားသောအခါ တပ်ဖွဲ့ဝင်များပြန်ရုပ်သိမ်းသည်။ အစားထိုးစေလွှတ်ရန်လည်း နောက်ထပ်အရန်အင်အားမရှိ။ ထို့ကြောင့် အကြမ်းဖက်မှုများ ပြန်၍ခေါင်းထောင်လာသည်။

ညီညွတ်မှုမရ

ဆွန်နီပြည်သူ့စစ်များကလည်း တိုက်ပွဲများဖန်တီးလာသည်။ အချို့မှာ တာဝန်မကျေပွန်၊ လစာများလည်းမရကြ၍ မကျေနပ်ကြ။ အစိုးရတပ်နှင့် ရဲတပ်ဖွဲ့သို့ သွတ်သွင်းပေးမည်ဟူသောကတိကိုလည်း အီရတ်အစိုးရက ဖျက်သဖြင့် မကျေနပ်သည်လည်းရှိသည်။ ထို့ကြောင့် ဆွန်နီများအချင်းချင်း ညီညွတ်မှုမရကြ။

အီရတ်တောင်ပိုင်းတွင် ဆာဒါးပြည်သူ့စစ်များနှင့် ပြန်လည်ထိပ်တိုက်တွေ့နေသည်။ ယင်းသို့ဖြစ်ရသည်မှာ ခေါင်းဆောင်ဆာဒါးက သူ့လူသူ မနိုင်၍လော၊ သို့မဟုတ် သူကိုယ်တိုင်က အကြမ်းဖက်မှု ရပ်ဆိုင်းဖျက်ပစ်ခြင်းလော မသိနိုင်ပေ။ တိုက်ပွဲများကြောင့် လူ ၁၀၀ကျော် သေဆုံးသည်။ ယင်းတိုက်ပွဲမှာ ၂၀၀၃ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကျူးကျော်ပြီးနောက် အဆိုးရွားဆုံးဖြစ်သည်ဟု ဆိုသည်။

အီရတ်အစိုးရက ဧပြီ၈ရက်နောက်ဆုံးထား လက်နက်ချရန် ရာဇသံထပ်မံပေးထားသည်။ လက်နက်မချပါက ဝန်ကြီးချုပ်အနေဖြင့် ဘာဆာရာတွင် စစ်ဆင်ရေးတိုးချဲ့မှု ပြုမပြု ဆုံးဖြတ်ရမည်။ ဆက်မလုပ်လျှင် ဝန်ကြီးချုပ်မာလီဘီအနေဖြင့် ပြည်သူယုံကြည်မှု လက်လွတ်မည်။ လက်နက်မချ၍ ဆက်လက်စစ်ဆင်ပြန်လျှင်လည်း ဘာဆာရာမြို့သာမက တစ်နိုင်ငံလုံး တိုက်ပွဲများ ပျံ့သွားနိုင်သည်။ ယင်းတို့မှာ အီရတ်၏ လက်ရှိ ပကတိအခြေအနေပင်။

ထို့ကြောင့် အီရတ်စစ်ပွဲမှ အောင်ပွဲဆိုသည်မှာ ငါးနှစ်အတွင်းတွင် အဘယ်နည်း၊ ဘာကိုဆိုလိုသည်ကို မေးခွန်းထုတ်နေကြခြင်းဖြစ်သည်။ ။

(ကိုးကား-အင်တာနက်)

တိုး-ရေးသားသည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၉-၃-၂၀၀၈

ဖိလစ်ပိုင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးသွားကြောင်း မနီလာမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုမှာ မည်သူ့လက်ချက်ဖြစ်သည်ကို စုံစမ်းလျက်ရှိကြောင်း ရဲတပ်ဖွဲ့များက ပြောကြားသည်။

အီတလီနှင့် တူရကီ ပူးတွဲစစ်ရေးလေ့ကျင့်မည်

အီတလီနှင့်ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်သွားရန် စီစဉ်နေကြောင်း တူရကီစစ်ဘက်အရာရှိများက ပြောကြားသည်။

အီတလီနိုင်ငံတွင် ဧပြီ၃ရက်မှ ၁၈ရက်အထိကျင်းပမည့် စစ်ရေးလေ့ကျင့်မှုတွင် တူရကီဂျက်တိုက်လေယာဉ် အက်ဖ်-၁၆လေယာဉ်ငါးစင်းနှင့် အခြားတိုက်လေယာဉ်များ ပါဝင်ပူးပေါင်းလေ့ကျင့်ကြမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

မြောက်ကိုရီးယားက တာတိုဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်

မြောက်ကိုရီးယားနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းမှနေ၍ တာတိုပစ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း မြောက်ကိုရီးယားအရာရှိများက ပြောကြားသည်။

အဆိုပါ တာတိုပစ်ဒုံးကျည်သည် ပင်လယ်ရေပြင်အတွင်း ကျရောက်သွားကြောင်း၊ သတ်မှတ်ထားသော အကွာအဝေးသို့ ရောက်ရှိခဲ့ကြောင်း ၎င်းအရာရှိများက ဆက်လက်ပြောကြားသည်။

ဆီးရီးယားနှင့်အစ္စရေး ငြိမ်းချမ်းရေးဆွေးနွေးမည်

ဆီးရီးယားနှင့် ဆက်ဆံရေး တိုးတက်ဖြစ်ထွန်းရန် တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဟု အစ္စရေးအရာရှိများက ပြောကြားသည်။

မိမိတို့အနေဖြင့် ဆီးရီးယားနှင့် ငြိမ်းချမ်းရေး စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ထို့အတူ နှစ်ဖက်ဆွေးနွေးမှုများ ပြုလုပ်ရန် အသင့်ရှိနေကြောင်း ၎င်းတို့က ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးကြောင့် အင်ဒိုနီးရှား၌ တစ်ဦးသေဆုံး

အင်ဒိုနီးရှားနိုင်ငံ၌ အသက်၁၅နှစ်အရွယ် လူငယ်တစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသွားကြောင်း အင်ဒိုနီးရှား ကျန်းမာရေးအရာရှိများက ပြောကြားသည်။

အဆိုပါ လူငယ်မှာ အနောက်ဂျားဗားပြည်နယ် ဆူဘန်မြို့မှ ဖြစ်ပြီး ဆေးရုံ၌ တက်ရောက်ကုသနေစဉ် သေဆုံးသွားခြင်းဖြစ်သည်။

ကမ္ဘောဒီးယားက ၂၀၁၆ခုနှစ်၌ ရေအားလျှပ်စစ်ထုတ်မည်

ကမ္ဘောဒီးယား၌ ၂၀၁၆ခုနှစ်တွင် ရေအားလျှပ်စစ်မှ မဂ္ဂါဝပ် ၁၁၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

ကမ္ဘောဒီးယား၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၌ ရေအားလျှပ်စစ်ထုတ်လုပ်မှုမှာ ၇၀ရာခိုင်နှုန်းအထိ ရှိနေသည်။

သဘာဝဓာတ်ငွေ့ရည် ဖြည့်ဆည်းရေး အင်ဒိုနီးရှားနှင့်ဂျပန်တို့ သဘောတူ

အင်ဒိုနီးရှားနှင့် ဂျပန်နှစ်နိုင်ငံတို့အနေဖြင့် သဘာဝဓာတ်ငွေ့ရည် ဖြည့်ဆည်းပေးရေးဆိုင်ရာ သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ထိုးလိုက်ကြသည်။

အဆိုပါ သဘောတူညီမှုအရ သဘာဝဓာတ်ငွေ့ရည် ထုတ်ယူမှုများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ရေနံစိမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်) အရာရှိများက ပြောကြားသည်။

အမေရိကန် ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၇ဒေါ်လာအထိ မြင့်တက်လာကြောင်း ၎င်းတို့က ပြောကြားသည်။

သူတို့အတွေး သူတို့အမြင်

* *The more noble, the more humble.*

မြင့်မြတ်လေလေ၊ နှိမ့်ချလေလေဖြစ်သည်။

ဂျိုးဇက်ပရစ်စလေ (အတွေးအခေါ်ပညာရှင်)

* *Character and personal force are the only investments that are worth anything.*

အကျင့်စာရိတ္တနှင့် ကာယလုပ်အားတို့သည် အဖိုးထိုက်တန်သည့် ရင်းနှီးမြှုပ်နှံမှုများ မျှသာဖြစ်သည်။

ဝေါ့လ်ဝှစ်မင်း (ကဗျာဆရာ)

နိုင်ငံတကာသတင်းများ

ဇင်ဘာဘွေ ရွေးကောက်ပွဲ အပြီးသတ်မဲဆွယ် သမ္မတမူဂါဘီကို ယှဉ်ပြိုင်မည့်သူ နှစ်ဦးရှိ

ဟာရာရေး မတ် ၂၉

ဇင်ဘာဘွေအတိုက်အခံများက စနေနေ့ရွေးကောက်ပွဲတွင် မဲကလိမ်ကျမှုများ ဖြစ်ပွားမည်ကို စိုးရိမ်သည့်ကြားက ဇင်ဘာဘွေ အထွေထွေရွေးကောက်ပွဲအတွက် ယခုအခါ နောက်ဆုံးနေ့ မဲဆွယ်စည်းရုံးမှုများ ပြုလုပ်လျက်ရှိသည်။

ရွေးကောက်ပွဲမှာ တရားမျှတသဖြင့် ရလဒ်ကို လူတိုင်းလက်ခံရမည်ဖြစ်ကြောင်း သမ္မတရောဘတ်မူဂါဘီက ပြောကြားသည်။ အသက် (၈၄)နှစ်ရှိပြီဖြစ်သည့် သမ္မတမူဂါဘီမှာ ၁၉၈၀ပြည့်နှစ် လွတ်လပ်ရေးရလာသည့် အချိန်မှစ၍ နိုင်ငံကို ဦးဆောင်လာခဲ့သူဖြစ်သည်။

အရွေးခံ

သမ္မတမူဂါဘီအား ယှဉ်ပြိုင်အရွေးခံမည့်သူ နှစ်ဦးအနက် တစ်ဦးမှာ အတိုက်အခံပါတီဖြစ်သော ဒီမိုကရေစီ ပြောင်းလဲရေးလှုပ်ရှားမှုပါတီ(အမ်ဒီစီ) ခေါင်းဆောင် ဆဗန်ဂီရိုင်းဖြစ်ပြီး ကျန်တစ်ဦးမှာ တစ်သီးပုဂ္ဂလအဖြစ် အရွေးခံမည့် မစ္စတာမာကိုနီဖြစ်သည်။

မဲစာရင်း

ဆဗန်ဂီရိုင်းနှင့် မာကိုနီတို့နှစ်ဦးစလုံးက ယခုတိုင် တစ်ပြည်လုံး မဲစာရင်း သူတို့လက်ထဲ မရောက်သေးကြောင်း ပြောကြားသည်။ ကျေးလက်ဒေသ၌ မဲစာရင်းများ ပိုပြထားသည်ဟု ယုံကြည်ကြောင်း ၎င်းတို့ကပြောဆိုသည်။ စနေနေ့ ရွေးကောက်ပွဲတွင် အထက်နှင့်အောက်လွှတ်တော် သမ္မတရွေးကောက်ပွဲများ ပါဝင်သည်။ **(အင်တာနက်)**

ဂွမ်တာနာမိုအကျဉ်းစခန်းပိတ်ရန် ဂျွန်မက်ကိန်းပြောကြား မက်ကိန်း၏ စီးပွားရေးမူဝါဒကိုလည်း အိုဘားမားဝေဖန်

ဝါရှင်တန် မတ် ၂၉

အမေရိကန်နိုင်ငံအနေဖြင့် အခြားသောနိုင်ငံများနှင့် ပိုမိုရင်းနှီးစွာလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ကြောင်း အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံရန် ညီလာခံကိုယ်စားလှယ်အလုံအလောက်ရရှိထားသည့် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း(အောက်ပုံ)**က ပြောကြားလိုက်သည်။**

အရှေ့အလယ်ပိုင်းဒေသနှင့်ဥရောပသို့ ပြီးခဲ့သည့် ရက်သတ္တပတ်က သွားရောက်ခဲ့သူ ဂျွန်မက်ကိန်းက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ပြောကြား

ဂျွန်မက်ကိန်းက ဆက်လက်ပြောကြားရာ၌ မိမိတို့နိုင်ငံ အင်အားကြီးနိုင်ငံဖြစ်ခြင်းမှာ မိမိတို့အနေဖြင့် ကြိုက်သည့်အချိန်တွင် ကြိုက်သလိုလုပ်ရန် မဟုတ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဝေဖန်

ထိုအတောအတွင်း ဒီမိုကရက်တစ်ပါတီမှ အိုဘားမားက ဂျွန်မက်ကိန်း၏ စီးပွားရေးမူဝါဒများကို ဝေဖန်ပြောကြားသည်။

အထက်လွှတ်တော်အမတ်အိုဘားမားနှင့် အထက်လွှတ်တော် အမတ်ဟီလာရီကလင်တန်တို့သည် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ် သမ္မတလောင်းအဖြစ် ရွေးချယ်ခံရရေးအတွက် ပါတီညီလာခံ၏ထောက်ခံမှုရရန် အကြိုရွေးကောက်ပွဲများတွင် အကြိတ်အနယ် ယှဉ်ပြိုင် မဲဆွယ်လျက်ရှိသည်။

ရှုမြင်

ဂျွန်မက်ကိန်းက လော့စ်အိန်ဂျလိစ်ကမ္ဘာ့ရေးရာကောင်စီ၌ ပြောကြားရာတွင် သူ့အနေဖြင့် သမ္မတဘုရှ်နှင့်မတူဘဲ သူ၏နိုင်ငံခြားရေးမူဝါဒအသစ်ကို ချမှတ်ရန် ကြိုးပမ်းခြင်းအဖြစ် ဝေဖန်သုံးသပ်သူများက ရှုမြင်သည်။

အန္တရာယ်ရှိ

ဂွမ်တာနာမို အကျဉ်းစခန်းကို ပိတ်ပစ်ပြီး အန္တရာယ်ရှိသည့်အကျဉ်းသားများအားချုပ်နှောင်ရေးတွင် နိုင်ငံတကာနှင့်နားလည်မှုယူရန် လိုအပ်ကြောင်းစသဖြင့် ဂျွန်မက်ကိန်းက ပြောကြားသည်။ **(အင်တာနက်)**

တီမောသူပုန်များ မိအောင်မဖမ်းနိုင်မှု သမ္မတရာမို့စ်ဟော်တာ ဝေဖန်ပြောကြား

ဒီလီ မတ် ၂၉

အရှေ့တီမော သမ္မတဟိုဆေးရာမို့စ်ဟော်တာက ပြီးခဲ့သည့်လအတွင်း ၎င်း၏အိမ်အပြင်ဘက်တွင် ၎င်းအားပစ်ခတ်သူ သူပုန်များကို မိအောင်မဖမ်းနိုင်သည့်အတွက် ဩစတြေးလျဦးဆောင်သည့် တပ်များကို ဝေဖန်ပြောကြားလိုက်သည်။

လက်နက်ချ

တိုက်ခိုက်လာသူ သူပုန်များအားဖမ်းဆီးရန် လက်နေးလွန်းလှသည်ဟု သမ္မတရာမို့စ်ဟော်တာက ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအား ဝေဖန်သည်။

မသင်္ကာဖွယ် သူပုန်များနောက်သို့ လိုက်လံရှာဖွေနေစဉ် သူပုန်ရှစ်ဦးတို့ လက်နက်ချအဖမ်းခံခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာ့ဆန် အများဆုံးတင်သွင်းသည့် နိုင်ငံ ဖိလစ်ပိုင်နိုင်ငံဖြစ်လာ

မနီလာ မတ် ၂၉

ဖိလစ်ပိုင်နိုင်ငံသည်ကမ္ဘာ့ဆန်ဈေးမြင့်တက်မှုကြောင့် ပြည်တွင်းစားသုံးမှုဖူလုံရန် ရုန်းကန်ကြိုးစားနေကြရကြောင်း အင်တာနက်သတင်းတွင် မတ်၂၈ရက်က ဖော်ပြသည်။

အများဆုံးတင်သွင်း

ဖိလစ်ပိုင်နိုင်ငံသည် ပြည်တွင်းစားသုံးမှုဖူလုံစေရန် ဗီယက်နမ်နိုင်ငံမှ ဆန်များတင်သွင်းနေရပြီး ကမ္ဘာ့တွင် ဆန်အများဆုံး တင်သွင်းနေရသည့် နိုင်ငံဖြစ်သည်။

ထုပ်ပိုးရောင်းချ

ပြည်ပမှရောက်ရှိလာသောဆန်အိတ်များကို အစိုးရကုန်လှောင်ရုံများက **(အောက်ပုံ)** ဆန်အိတ်ငယ်များအဖြစ် ပြန်လည်ထုပ်ပိုးကာရောင်းချပေးလျက်ရှိသည်။ **(အင်တာနက်)**



ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးဆိပ်ကမ်း၌ ကားများ ပြည်ပသို့တင်ပို့ရန် ပြင်ဆင်ထားသည်ကို မတ် ၂၈ရက်က တွေ့ရစဉ်။ (ယင်းနိုင်ငံ၏ ကားထုတ်လုပ်မှုသည် ရုရှား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့၏ ကားထုတ်လုပ်မှုထက် ကျော်လွန်လိမ့်မည်ဖြစ်ကြောင်း၊ မြောက်အမေရိကတိုက်သည် ဘရာဇီးနိုင်ငံ၏ကားအများဆုံး တင်ပို့သည့် အကြီးဆုံးဈေးကွက်ဖြစ်လာကြောင်း ကနေဒါဘဏ်က မတ်၂၈ရက်၌ ပြောကြားသည်။)

(အင်တာနက်ဓာတ်ပုံ)

အီရတ်ကိုအမေရိကန်ကျူးကျော်တိုက်ခိုက်မှုကြောင့် ရေနံဈေးနှုန်းမြင့်တက်ရဟု ဗင်နီဇွဲလားသမ္မတပြောကြား

ရီယိုဒီဂျနေးရိုး မတ် ၂၉

အီရတ်ကို အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်မှုကြောင့် ရေနံဈေးနှုန်းမြင့်တက်လာခြင်း ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က မတ် ၂၇ရက်တွင် ပြောကြားလိုက်သည်။

ရေနံဈေးနှုန်းမြင့်တက်လာခြင်းသည် ရေနံထုတ်လုပ်တင်ပို့ရောင်းချသော နိုင်ငံများတွင် တာဝန်မရှိကြောင်း၊ အမေရိကန်တွင်သာ တာဝန်ရှိနေကြောင်း ချာဗက်ဇ်က ဘရာဇီးနိုင်ငံသို့ သွားရောက်လည်ပတ်စဉ်အတွင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

လက်မှတ်ရေးထိုး

သွားရောက်လည်ပတ်စဉ်အတွင်း မစ္စတာချာဗက်ဇ်သည် ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံပိုင်ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီကြီးများဖြစ်သည့် ပီထရိုဘရပ်စ်နှင့် ပီဒီဗွီအက်စ်အေ ကုမ္ပဏီတို့အကြား ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးကြသည်။

ဗင်နီဇွဲလားနိုင်ငံအနေဖြင့် ရေနံဈေးနှုန်းကိုပုံသေဈေးနှုန်းဖြင့် သုံးနှစ်ကြာ ရောင်းချပေးခဲ့ကြောင်း၊ သို့ရာတွင် အမေရိကန်၏ အီရတ်ကိုကျူးကျော်မှုကြောင့် ဈေးကွက်အတွင်း ရေနံဈေးနှုန်း မတည်မငြိမ်ဖြစ်ခဲ့ရကြောင်း သမ္မတချာဗက်ဇ်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘင်္ဂလား ပင်လယ်အော်၌ သဘာဝဓာတ်ငွေ့သိုက်ကြီး နှစ်ခု တွေ့ရှိ

ဒါကာ မတ် ၂၉

စကော့တလန်စွမ်းအင်ကုမ္ပဏီဖြစ်သည့် ကိုင်ယာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘင်္ဂလားပင်လယ်အော်အတွင်း မက်နားမားနှင့် ဟာတီယာလုပ်ကွက်များ၌ သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေတွေ့ရှိထားကြောင်း ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူများက မတ် ၂၇ရက်တွင် ပြောကြားသည်။

ယင်းကုမ္ပဏီက ဘင်္ဂလားဒေ့ရှ် နိုင်ငံပိုင်ကုမ္ပဏီဖြစ်သည့် ပီထရိုဘန်ဂလာသို့ ယခုနှစ်ပတ်တွင် စစ်တကောင်းဆိပ်ကမ်း အရှေ့တောင်ဘက်အနီး၌ သဘာဝဓာတ်ငွေ့သိုက်များ တွေ့ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ စကော့တလန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးကုမ္ပဏီသည် ဘင်္ဂလားပင်လယ်အော်တွင် လုပ်ကွက်၁၆ခုလုပ်ကိုင်ခွင့် ရရှိထားသည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလက စတုရန်းကီလိုမီတာ ၁၅၀ကျော်ကို စတင်ရှာဖွေ တူးဖော်လျက်ရှိသည်။

ကုမ္ပဏီ၏တိုင်းတာလေ့လာချက်အရ ၎င်းသဘာဝဓာတ်ငွေ့သိုက်ကြီးနှစ်ခုမှ သဘာဝဓာတ်ငွေ့ကုဗပေပေါင်း ၅ဒသမ ၃ထရီလီယံထွက်နိုင်ကြောင်း ခန့်မှန်းထားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ချောက်မြို့နယ်အသင်း သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၂၉

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ချီးမြှင့်ဆက်ကပ်ခြင်းခံရသော မကွေးတိုင်း ချောက်မြို့ မင်္ဂလာသာစည်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညာသာမိအား ချီးကျူးပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ဗဟန်းကြားတောရလမ်းမကြီးပေါ်ရှိ တရားရုံးချုပ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ချောက်မြို့နယ် အသင်းဝင်များနှင့် ချောက်မြို့နယ်သူ မြို့နယ်သားအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။ **(က-ပ)**

ဓမ္မသာကစ္ဆာအဖွဲ့ချုပ်ဩဝါဒါစရိယပူဇော်ပွဲနှင့် ငွေရတု စာအောင်ဆုနှင်းသဘင် ကျင်းပမည်

ရန်ကုန် မတ် ၂၉

ရွှေတိဂုံစေတီတော် (စနေထောင့်) ရွှေတောင်ငွေတောင် တန်ဆောင်းနိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ် ဩဝါဒါစရိယ နိုင်ငံတော် ဩဝါဒါစရိယ အောင်မြေဘုံစံဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော ဩဝါဒါစရိယဆရာတော် ခုနစ်ပါးတို့အား (၃၃)ကြိမ်မြောက်ပူဇော်ပွဲကျင်းပ၍ ဩဝါဒခံယူခြင်း၊ (၂၅)ကြိမ်မြောက် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ဂုဏ်ထူးဆောင် အဘိဓမ္မာစာမေးပွဲ၏ ငွေရတု စာအောင်ဆုနှင်းသဘင်၊ အသက်၇၅နှစ်နှင့်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲနှင့် အဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးများကို ရန်ကင်းမြို့နယ် ဘောက်ထော် (၁၅)ရပ်ကွက် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီးတွင် မေ၁ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှစတင်၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြို့နယ်လုံးကျွတ် ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနား တက်ရောက်ကြည်ညို

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ မဟာသိဝစေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်နှင့် ထီးတော်တင်လှူပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အလှူရှင်များက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကိုစေတီတော်ပေါ်သို့ပင့်ဆောင်တင်လှူပူဇော်ကြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် အလှူရှင်များက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အလှူရှင်များက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကာ ဆရာတော် သံဃာတော်များက စေတီတော်ကြီးအား အနေကဇာတင် ပူဇော်ကြသည်။

ရေစက်ချ

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ဇနီး အလှူရှင်များက ဆရာတော် ဘဒ္ဒန္တ ကုဝေဒထံမှ ငါးပါးသီလခံယူ၍ ပရိတ်တရား နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ဥဒ္ဒေသ်ပရိသတ်တို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဇနီး ဒေါ်ဝင်းဝင်းမော်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဇနီး ဒေါ်ခင်ဌေးမြင့် မိသားစုနှင့် အလှူရှင်များသည် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မြို့နယ်လုံးကျွတ် ရှင်၂၀၇ပါး ရှင်ပြု ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရေဝတဓမ္မက ဥပဇ္ဈာယ် ဆရာတော်ပြုလုပ်၍ ရှင် ၂၀၇ပါးတို့အား ၁၀ပါး သီလပေး၍ ရှင်သာမဏေပြုပေးသည်။ ဆက်လက်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာကျော် ဘဒ္ဒန္တ စက္ကိန္ဒထံမှ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်၍ ပရိတ်တရားနာယူကြသည်။

လျှောက်ထား

ထို့နောက် တိုင်းမှူး၊ ဗဟို အလုပ်အမှုဆောင်ဝန်ကြီးနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် မိသားစုများက ဆရာတော် သံဃာတော်များနှင့် ရှင်သာမဏေ ၂၀၇ ပါးတို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတွင် ကျင်းပသည့် မီးသတ်ယာဉ်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် အားပေးသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးတင်ဝင်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မီးသတ်ယာဉ် အလှူရှင် Myanmar Asia Express ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်က မီးသတ်ယာဉ် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အလှူရှင် ဦးဝင်းနိုင်က မီးသတ်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြည်ဝင်းအား ပေးအပ်သည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများက မီးသတ်ယာဉ် အစမ်း မီးသတ်ပြသမှုကို ကြည့်ရှုစစ်ဆေးသည်။

ပူဇော်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ဇနီး ဒေါ်ခင်ဌေးမြင့်သည် အင်္ဂပူမြို့ မြတ်စက်စက်ယိုစေတီတော်သို့ ရောက်ရှိပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တင်လှူပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ဇနီးတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့အား ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်လှူဒါန်းပြီး ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား စေတီတော်ပေါ်သို့ တင်လှူပူဇော်ကြသည်။

ဆက်ကပ်

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ဇနီးတို့သည် မတ် ၂၃ ရက်က မြတ်စက်စက်ယို စေတီတော်မြတ်ကြီးအား မြသပိတ်ဖြင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဆရာတော် သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြပြီး ဗဟိုအလုပ်အမှုဆောင် မိသားစုနှင့် အလှူရှင်များက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရေဝတဓမ္မထံမှ ငါးပါးသီလခံယူ၍ ပရိတ်တရားနာယူပြီး ရေစက်သွန်းချ အမျှပေးဝေ၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့လယ်ရုံများတွင် ရင်နှင့်အောင်မွှေးနေဆဲ

ရန်ကုန် မတ် ၂၉

လွင်မိုး၊ နေအောင်၊ ထွန်းထွန်းဝင်း၊ မေတ္တာ၊ မိုးဒီ၊ ခိုင်တင်၊ ခင်သန်းနု၊ နွဲ့နွဲ့မူ၊ မျိုးသန္တာထွန်း၊ နဝရတ်တို့ပါဝင်ထားသော **ရင်နှင့်အောင်မွှေး** မှာ ရန်ကုန်မြို့လယ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်မွှေးနေဆဲဖြစ်ပြီး မန္တလေးမြို့ မြို့မနှင့်ဝင်းလိုက် ရုံများတွင် ဆက်လက်ဖျော်ဖြေနေသည်။

သူဌေးသား တက္ကသိုလ်ကျောင်းဆရာ မြင့်ထူးက မွေးစားမိဘများကြောင့် ချစ်သူတစ်ယောက်ကို နှစ်နှစ်ကာကာ ချစ်ပြီးကာမှ စွန့်လွှတ်ရတော့မည့် အဖြစ်မျိုးကြုံရသလို သူ့ချစ်သူမော်ကလည်း မိဘနှစ်ပါး၏ အိမ်ထောင်ရေး အဆင်မပြေမှုအကြား မြေစာပင်ဖြစ်ရရှာ၍ ဘဝကိုစိတ်ပင်ပန်းကြီးစွာ ဖြတ်သန်းရရှာသော မိန်းမပီသသည့်မိန်းကလေးတစ်ဦးအဖြစ် ရန်းကန်ရင်ဆိုင်ရပုံများကို အခြေခံကာ ရိုက်ကူးထားသော ဘဝသရုပ်ဖော်အိမ်ထောင်ရေးပညာပေး ဇာတ်ကားဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

နေပြည်တော်ရုံတွင် စွမ်းအားရှင် Jumper ဇာတ်ကားပြသနေပြီး ရှေ့ဆောင်ရုံတွင် National Treasure-2 ဇာတ်ကားဖျော်ဖြေလျက်ရှိသည်။

အိန္ဒိယဇာတ်ကားများ

ဘုရင့်ရုံတွင် လုပ်ရှားမှုအသားပေး ဒရာမာအက်ရှင်ဇာတ်ကား Cash ပြသနေပြီး ဆုထူးပန်ရုံတွင် မင်းသားရီသစ်ရိုရှန်နှင့် မင်းသမီး ကရီနာကပူးရ်တို့ပါဝင်ထားသည့် ဘဝသရုပ်ဖော်မေတ္တာဘွဲ့ဇာတ်ကား Jaaden ရုံဝင်လာသည်။

ဗီဒီယိုဇာတ်ကားများ

ဒါရိုက်တာ ဝင်းထွန်းထွန်းရိုက်ကူးပြီး ကျော်ရဲအောင်၊ ရဝေအောင်၊ နေဆန်း၊ မို့မို့မြင့်အောင်၊ မျိုးသန္တာထွန်း၊ စိုးမိုးကြည်နှင့် သဇင်တို့ ပါဝင်ထားသော **မျက်ရည်တံခါး** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေမန်း၊ စံပြနှင့် သီတာရုံများတွင် ရုံဝင်လာသည်။

မျက်ရည်တံခါးမှ ရဝေအောင်နှင့် မို့မို့မြင့်အောင်

ရင်နှင့်အောင်မွှေးမှ လွင်မိုးနှင့် မျိုးသန္တာထွန်း

ခြသေ့်ဆီဆိုတာ သီဂီရွှေခွက်နဲ့မှ ထိုက်တန်တာဆိုသော ဦးပြည့်အောင်အဖြစ် ကျော်ရဲအောင်၊ ရှင်လည်းတစ်နေ့ကျရင် ကျွန်မလို ရင်ကွဲပက်လက်ငိုရအောင် ရှင့်မျက်ရည်တွေစုထားလိုက်ဆိုတဲ့ သဲနုအဖြစ် မျိုးသန္တာထွန်း၊ ရှင့်ရဲ့မျက်ရည်တွေ ငိုချပစ်လိုက်စမ်းပါ၊ ရှင့်ရဲ့မျက်ရည်တံခါးတွေ ကျိုးသွားရအောင် ငိုချလိုက်စမ်းပါဆိုတဲ့ မြနှစ်အဖြစ် မို့မို့မြင့်အောင်တို့က အဓိကပံ့ပိုးပေးပြီး အားပြိုင်သရုပ်ဆောင်ထားသော ဇာတ်လမ်းဇာတ်အိမ်ခိုင်မာသည့် ဇာတ်ကားဖြစ်သည်။

ရွှေဗဟို၊ ဘုရင့်နောင်နှင့် ရောဝတီရုံများတွင် အမှန်တရားနဲ့ ကလဲ့စားကိုတန်ပြန်မယ့် **ရောင်ပြန်ဓား** ရုံဝင်လာသည်။ ရောင်ပြန်ဓားတွင် နေထက်လင်း၊ နေတိုး၊ မင်းဟိဏ်း၊ နဝရတ်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

အမည်မဖော်လိုသူအချစ်

ဒါရိုက်တာမီးပွား၏ အမည်မဖော်လိုသူအချစ်မှာ မြို့လယ်ဝဇီရာရုံ၊ လှိုင်သာယာ ဝဇီရာရုံ(၂)နှင့် မြရတနာရုံများတွင် ဟဒယဆေးတိုက်ကျွေးလျက်ရှိသည်။ ။

ချပ်ရှင်သတင်းထောက်

ကျောက်ဆည်၌ ကျေးလက်စက်ရေတွင်း စမ်းသပ်မောင်းနှင်

ရန်ကုန် မတ် ၂၉

ကျောက်ဆည်မြို့နယ် တံတားဦးကုန်းကျေးရွာ စက်ရေတွင်းစမ်းသပ်မောင်းနှင်ခြင်းနှင့် စက်များကြံ့ခိုင်ရေးဆောင်ရွက်ခြင်းကို မတ်၇ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် လက်ထောက်အင်ဂျင်နီယာဦးရွှေထွန်းတို့က စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မတ် ၂၃ ရက်က အထက(၂) လမ်းမတော်(မြမာလာ) ကျောင်းသားကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို ဆိပ်ကမ်းမြို့နယ်ရှိ U Can ရေပေါ်ဟိုတယ်ခန်းမ၌ ကျင်းပရာ အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်နှင့် ကျောင်းသူဟောင်းများက ဆရာမကြီးများအား ဂါရဝပြုလက်ဆောင် ပေးအပ်စဉ်။ (က-ပ)

*** ရှေ့ဖုံးမှ**

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်ချုပ်ခင်ဇော်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr.Thongkhoun SENGPHACHAN နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ပခုက္ကူမြို့၌ ပထမပြန်စာမေးပွဲဖြေဆိုနေမှု သာသနာရေးဝန်ကြီးဌာနဝန်ကြီးကြည့်ရှု

ရန်ကုန် မတ် ၂၉

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် မတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့ ပရိယတ္တိဗိမာန်၌ကျင်းပသော ပထမပြန်စာဖြေဌာနသို့ သွားရောက်၍ စာမေးပွဲကြီးကြပ်ရေးဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထို့နောက် ဝန်ကြီးသည် ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းတို့၌ သံဃာတော်များနှင့် သီလရှင်များ စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးသည် ပခုက္ကူမြို့ တောင်ဇလပ်လူငယ်ပျိုးခင်းသင်တန်းကျောင်းသို့သွားရောက်ပြီး နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လှည့်လည် ကြည့်ရှု

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ၂၀၀၈ခုနှစ် ရန်ကုန်တိုင်းအတွင်း ပထမပြန်စာမေးပွဲ ဖြေဆိုတော်မူနေကြသည့် သံဃာတော်များအား လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

သင်္ကြန်တွင်း တရားစခန်းများ

မဟာစည်မင်းလှဓမ္မရိပ်သာကျောင်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း ဗဟန်းဈေးအနီး မဟာစည်မင်းလှဓမ္မရိပ်သာကျောင်းတွင် သင်္ကြန်၁၀ရက်စခန်းပွဲကို တန်ခူးလဆန်း ၆ ရက်မှ လပြည့်နေ့အထိ (ဧပြီ ၁၁ ရက်မှ ၂၀ရက်အထိ) ကျင်းပမည်ဖြစ်သည်။

သတိပဋ္ဌာန် ဝိပဿနာအလုပ်ပေးတရားများကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဩဝါဒတော်နှင့်အညီ မဟာစည်နည်းကျ အခြေခံမှစ၍ မင်းလှဓမ္မရိပ်သာ ပဓာနနာယက ဆရာတော်ကိုယ်တိုင်ဦးစီး၍ ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများနှင့် ဒုလ္လဘရဟန်းဝတ်လိုသူများ ရိပ်သာ ဖုန်း-၀၉-၅၀-၁၂၃၃၀ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဘက်ရဲမြို့ ဥတ္တရာရုံကျောင်းတိုက်

သရက်မြို့ သာသနာ့အလင်းရောင်စာသင်တိုက်နှင့် မဟာစည်သာသနာ့ရိပ်သာပဓာနနာယက ကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာများဆိုင်ရာ နာယက၊ မဟာစည် နယ်လှည့်ဓမ္မကထိက ပြည်တွင်းပြည်ပ သာသနာပြုနိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တကုသလ (ဓမ္မာစရိယ) အရှင်သူမြတ်သည် မတ် ၃၁ ရက်မှ ဧပြီ ၁၁ ရက်အထိ ကြံခင်းမြို့နယ် ဘက်ရဲမြို့ ဥတ္တရာရုံကျောင်းတိုက်တွင် (၃၇)ကြိမ်မြောက် မဟာစည်ဝိပဿနာ ၁၀ ရက်စခန်းပွဲကြီး၊ ဧပြီ ၁၀ ရက်မှ ၂၁ရက်အထိ သရက်မြို့ သာသနာ့အလင်းရောင်စာသင်တိုက်တွင် (၇)ကြိမ်မြောက် သင်္ကြန်ဝိပဿနာအထူး ၁၀ ရက် စခန်းပွဲများတွင် မဟာစည်ဝိပဿနာတရားတို့ကို ကိုယ်တိုင်ဟောကြား ညွှန်ပြမည်ဖြစ်ရာ အလှူရှင်နှင့် ယောဂီများ ကြိုတင်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြကြောင်း ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။

(အနောက်)စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်

အင်းတကော်မြို့နယ် အနောက်စွန်းလွန်းဂူဝိပဿနာကျောင်း ပဓာနနာယကဆရာတော် ဦးမဟာနာမ် (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒိယ) ဆရာတော်၏ ဩဝါဒကိုခံယူ၍ ဧပြီ၁၂ရက်(တန်ခူးလဆန်း ၇ ရက်)မှ ၁၈ရက် (တန်ခူးလဆန်း ၁၃ရက်)အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည် ဖြစ်သည်။

စခန်းဝင်လိုသူ ရဟန်း၊သာမဏေ၊ ယောဂီများနှင့် လှူဒါန်းလိုသူအလှူရှင်များသည် ဆရာတော် ဖုန်း-၀၉-၅၀၀၀၃၁၃၊ ဦးသန်းညွှန့် ဖုန်း-၀၁-၅၇၂၉၂၈၊ ဦးစိန်ဝင်း ဖုန်း-၀၁-၅၇၀၄၉၂၊ ဦးအုန်းဝင်း ဖုန်း-၀၁- ၅၆၅၇၃၇၊ ဦးအေးလွင် ဖုန်း-၀၁-၅၇၇၀၂၉၊ ဦးအောင်သူ ဖုန်း-၀၁- ၅၇၇၆၈၇ နှင့် ဒေါ်စန်းစန်းလှ ဖုန်း- ၀၁-၅၇၃၁၁၇တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။

ပဲခူးမြို့ ကံထူးဓမ္မရိပ်သာ

ပဲခူးမြို့ ဥသျှာမြို့သစ် ရာဇာဓိရာဇ်လမ်း ကံထူးဓမ္မရိပ်သာကျောင်းတိုက်၌ ၁၃၆၉ခုနှစ် တန်ခူးလဆန်း၁ရက် (ဧပြီ ၆ ရက်)တနင်္ဂနွေနေ့မှ တန်ခူးလဆန်း ၁၂ရက် (ဧပြီ၁၇ရက်) နှစ်ဆန်းတစ်ရက်နေ့အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်ဦးဝါယမ(မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)၊ ဆရာတော် ဦးပညာဒီပ၊ ဆရာတော်ဦးဓမ္မာနန္ဒ၊ ဆရာတော်ဦးဇဝန (နယ်လှည့်ဓမ္မကထိက)များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် တန်ခူးလဆန်း ၁ရက် (ဧပြီ၆ရက်) တနင်္ဂနွေနေ့ညနေ၄နာရီအရောက် လာရောက်ကြရန်နှင့် ကံထူးဓမ္မရိပ်သာ ဖုန်း-၀၅၂-၂၃၀၁၂ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၉

ညောင်လေးပင်မြို့နယ် မဒေါက်မြို့အနီး သောင်ကြီးကျေးရွာ၌ တည်ထားကိုးကွယ်သည့် ရေလယ်ကျွန်းရွှေဘုန်းပွင့် ပြည်တော်အေး ဆုတောင်းပြည့်စေတီတော်မြတ်တွင် ရန်ကုန်တိုင်း သုဝဏ္ဏမြို့ အင်ကြင်းမြိုင်လမ်းနေ ဂေါပကဥက္ကဋ္ဌ ဦးကျော်ဝဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ်၁၅၃သိန်းဖြင့် ဘက်စုံသာသနိကအဆောက်အအုံများ တည်ဆောက်ပြီးဖြစ်ပါ၍ တန်ခူးလဆန်း၄ရက်(ဧပြီ၉ရက်)ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီတွင် လှူဒါန်းမှု အစုစုတို့ကို ရေစက်သွန်းချအမျှပေးဝေမည် ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း- ၅၇၀၉၆၅နှင့် ၅၇၈၀၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရပ်ဝေးရပ်နီးမှ အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်၍ သာဓုအနုမောဒနာပြုနိုင်ကြကြောင်း သိရသည်။ **(၁၂၅)**

ပထမပြန်စာမေးပွဲ ဖြေဆိုတော်မူနေကြသည့် သံဃာတော်များအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ကြည့်ရှု

ရန်ကုန် မတ် ၂၉

၂၀၀၈ခုနှစ် ရန်ကုန်တိုင်းအတွင်း ပထမပြန်စာမေးပွဲဖြေဆိုတော်မူနေကြသည့် သံဃာတော်များအား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝ တောရကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသနှင့် ကြီးကြပ်တော်မူနေကြသည့် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

၂၀၀၈ခုနှစ် ရန်ကုန်တိုင်းအတွင်း ပထမပြန်စာမေးပွဲဖြေဆိုတော်မူကြသော ရဟန်းသံဃာတော်ပေါင်းမှာ ၈၈၅၆ ပါး ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ ပထမပြန်စာမေးပွဲ ဖြေဆိုနေမှု ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော် ကြည့်ရှု

ရန်ကုန် မတ် ၂၉

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သည် မတ် ၂၈ ရက်က မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ပထမငယ်တန်း ပထမပြန်စာမေးပွဲ စာဖြေဌာနသို့ သွားရောက်၍ ပထမပြန်ကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် သံဃာတော်များ စာမေးပွဲ ဖြေဆိုနေမှုကို ကြည့်ရှုသည်။

ကြည့်ရှု

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ပထမလတ်နှင့် ပထမကြီးတန်း ပထမပြန်စာဖြေဌာနသို့ သွားရောက်ပြီး ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ဆက်လက်၍ သံဃာတော်များ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပလျက်ရှိသော ပထမကြီးတန်း ပထမပြန်စာဖြေဌာနသို့ သွားရောက်ပြီး စာမေးပွဲကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ယင်းနောက် သံဃာတော်များ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူပူဇော်နိုင်ရန်အတွက် အမှတ်၄၂/၃၂ တိုးချဲ့ရပ်ကွက် ခိုင်သဇင်လမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း) နေ ဒုတိယဗိုလ်မှူးကြီးမြသိန်း(ငြိမ်း)-ဒေါ်ခင်နွယ်နှင့် ရွှေညီအစ်မများက အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးစံရင် (အလှည့်ကျသဘာပတိ)၊ သီဟသုဓမ္မဇောတိကဓဇ ဦးစိုးသိမ်း၊ ဦးစိန်ဦးနှင့် ဦးသိန်းဦးတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

နိုင်ငံကြီးတချို့ မမှန်ကန်သောသတင်းအချက်အလက်နှင့် နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးအောင်လုပ်နေ ပကတိအေးချမ်းသာယာမှုနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အမှန်အတိုင်းသိအောင်တန်ပြန်လုပ်ဆောင်

ရန်ကုန် မတ် ၂၉

မြဝတီရုပ်မြင်သံကြား တေရသမနှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက် ၂၀၀၇ခုနှစ် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး စာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီ၁၅မိနစ်က ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ မြဝတီရုပ်မြင်သံကြား၌ ကျင်းပရာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြု အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ စစ်သည်၊ ဝန်ထမ်းများ၊ မြဝတီနှင့် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆုနှင့် မြဝတီရောင်စုံ ဓာတ်ပုံပြိုင်ပွဲဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မမှန်မကန်အသုံးချ

ရှေးဦးစွာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ပြည်ပနိုင်ငံတချို့အနေဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားစေရန် နိုင်ငံအတွင်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲစေရန် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် မီဒီယာကို လက်နက်သဖွယ် မမှန်မကန်အသုံးချပြီး ဆောင်ရွက်နေခြင်းကို တွေ့ရမည်ဖြစ်ကြောင်း။

ယင်းကဲ့သို့ နိုင်ငံကြီးတချို့က မမှန်ကန်သော သတင်းအချက်အလက်နှင့် နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးအောင် လုပ်နေခြင်းကို မိမိတို့က မြန်မာနိုင်ငံ၏ ပကတိအေးချမ်းသာယာမှု ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၊ တပ်မတော်၊ ပြည်သူနှင့် အစိုးရတို့ တစ်စိတ်တစ်ဝမ်းတည်း ရှိနေမှုတို့ကို ထုတ်လွှင့်ပြသရေးသားပြီး ပြည်သူတစ်ရပ်လုံးကို အမှန်အတိုင်းသိစေရေးအတွက် မီဒီယာများနှင့် ထိထိရောက်ရောက် တန်ပြန်လုပ်ဆောင်သွားကြရန် လိုကြောင်း။

မြဝတီရုပ်မြင်သံကြားသည် နိုင်ငံတော်၏ပကတိဖွံ့ဖြိုးတိုးတက်မှုအခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသနိုင်ခဲ့သကဲ့သို့ ပြည်သူများ အသိပညာဗဟုသုတတိုးပွားပြီး အပန်းဖြေစေဖို့ ကဏ္ဍစုံစုံလင်လင် ထုတ်လွှင့်နိုင်ခြင်းကြောင့် ပြည်သူလူထု၏ ချစ်ခင်နှစ်သက် အားပေးမှုကို ရရှိနေခြင်းကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ဤသို့ အောင်မြင်မှုများ ရရှိခြင်းသည် တာဝန်ရှိသူအဆင့်ဆင့်၏ကြိုးစားအားထုတ်မှုအပြင် ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များနှင့် ပုဂ္ဂလိကမီဒီယာများ၏ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်သည်ကို ပြောကြားလိုကြောင်း။

နည်းပညာ တိုးတက်ပြောင်းလဲလာမှုကြောင့် မြန်မာနိုင်ငံ၌ ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်မှုကို Analogue စနစ်မှ Digital စနစ်သို့ တစ်ဆင့်ပြီးတစ်ဆင့်ကူးပြောင်းနိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားဒီဂျစ်တယ် ရုပ်မြင်သံကြားနှင့် အသံလွှင့်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်း။

အကောင်အထည်ဖော်

ထို့ကြောင့် မြဝတီရုပ်မြင်သံကြားအနေနှင့် Digital စနစ်နှင့် ထုတ်လွှင့်ခြင်းဖြင့် ရုပ်သံလိုင်း အများအပြားကို အရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်ကြမှာဖြစ်သဖြင့် ဝန်ထမ်းများကလည်း ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် လုပ်ဆောင်ကြရန် မှာကြားလိုကြောင်း။

ယနေ့အခမ်းအနားတွင် မြဝတီစာပေတိုက်က ၂၀၀၇ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော မြဝတီမဂ္ဂဇင်းနှင့် ငွေတာရီမဂ္ဂဇင်းတို့၌ပါရှိသည့် ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များအနက် အကောင်းဆုံး စာမူဆုများကို ချီးမြှင့်မည့်အပြင် မြဝတီမဂ္ဂဇင်း ရောင်စုံဓာတ်ပုံဆုကိုလည်း ချီးမြှင့်မှာဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

မြဝတီစာပေတိုက်က ထုတ်ဝေသည့် စာအုပ်၊ စာစောင်များသည် မြန်မာစာပေလောကကို မြှင့်တင်ပေးနိုင်ပြီး စာဖတ်ပရိသတ်များက အမှတ်တရသိမ်းဆည်းထားရမည့် ရည်ညွှန်းစာစောင်များဖြစ်အောင် တာဝန်ရှိသူများအပြင် ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် စာပေအနုပညာရှင်ကြီးများကပါ ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နှစ်ပတ်လည်အကောင်းဆုံးဆုရရှိသူများသည် တစ်နှစ်အတွင်း သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးတွင် စနစ်တကျ ရွေးချယ်ချီးမြှင့်ခြင်းကို ခံရခြင်းဖြစ်သဖြင့် ဆုရသူအားလုံးအား ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ တတိယဆုရ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)နှင့် နှစ်သိမ့်ဆုရ ကျော်ကျော်ဝင်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ မြဝတီမဂ္ဂဇင်း အကောင်းဆုံးကာတွန်းဆုရ ကာတွန်းရွှေရိုး၊ မြဝတီမဂ္ဂဇင်း အကောင်းဆုံး ကဗျာဆုရ ကို(တက္ကသိုလ်)နှင့် မြဝတီမဂ္ဂဇင်းအကောင်းဆုံး ဝတ္ထုတိုဆုရ ခြင်ကျား(မအူပင်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းက ငွေတာရီမဂ္ဂဇင်း အကောင်းဆုံး ကာတွန်းဆုရ ကာတွန်းမြေဇာ၊ ငွေတာရီမဂ္ဂဇင်း အကောင်းဆုံးဆောင်းပါးဆုရ မောင်မြင့်ကြည်(စာပေဗိမာန်)၊ ငွေတာရီမဂ္ဂဇင်း အကောင်းဆုံး ဝတ္ထုတိုဆုရ ဆင်ဖြူကျွန်း အောင်သိန်းနှင့် ငွေတာရီမဂ္ဂဇင်း အကောင်းဆုံးဝတ္ထုရှည် ဆုရ ကိုနိုင်း(ချင်းတောင်)တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍မြဝတီရုပ်မြင်သံကြား စစ်သည်/ဝန်ထမ်းဆုများ ချီးမြှင့်ရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်မောင်ထွန်းက အကောင်းဆုံး ဖလင်တိပ် ကူး/ပြောင်းဆုရ တပ်ကြပ်ကြီး(အစားခန့်)ဇာနည်ဝင်း၊ အကောင်းဆုံး ထုတ်လုပ်ရေးမှူးဆုရ ဒုအရာခံဗိုလ်(အစားခန့်)ချိုချိုခိုင်၊ အကောင်းဆုံး ကင်မရာရိုက်ကူးသူဆုရ ဒုအရာခံဗိုလ်ဇော်အောင်နှင့် အရာခံဗိုလ်(အစားခန့်) ဟန်ဝင်းအောင်၊ အကောင်းဆုံး သတင်းကြေညာသူဆုရတပ်ကြပ်ကြီး(အစားခန့်) စံကားဝါတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်းက အကောင်းဆုံး ကွန်ပျူတာ ကျွမ်းကျင်ဆုရ တပ်ကြပ်ကြီး/စာရေး ညီညီဇော်၊ အကောင်းဆုံး အစီအစဉ်မှူး ဆုရ ဒုအရာခံဗိုလ်(အစားခန့်)လင်းလင်းမာ၊ အကောင်းဆုံးတည်းဖြတ်ဆုရ အရာခံဗိုလ်(အစားခန့်) နော်ဖလောရင့်စ်၊ အကောင်းဆုံးဆက်တင် (မီးအလင်းပေး)ဆုရ တပ်ကြပ်ကြီးခင်ဝင်းနှင့် စက်မှုဌာနဂုဏ်ပြုဆုရ စက်မှုဌာနမှ ဗိုလ်ဟိန်းထွဋ်အောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်းက ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၃၈)သင်တန်း ထူးချွန်ဒုတိယဆုရ မြဝတီရုပ်မြင်သံကြားမှ အရာခံဗိုလ်(အစားခန့်) မီမီမောင်ထွေး၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် နှဲပြိုင်ပွဲ ပထမဆုရ အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး မြင့်အောင်၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသမီးအကပြိုင်ပွဲ ပထမဆုရ မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မကြည်နူးပွင့်၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ(သိပ္ပံတွဲ) မြန်မာတစ်နိုင်ငံလုံးအဆင့်(၉)ရ မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မယဉ်နွယ်အေး၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးအဆင့် အောင်ချက်အကောင်းဆုံးဆုရ မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ အရာရှိ ဗိုလ်မှူးရဲမြင့်အောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပံ့ပိုးကူညီ

ထို့နောက် တာဝန်ရှိသူများက မြဝတီရုပ်မြင်သံကြားအား အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့်ဓာတ်ပုံပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို အသီးသီးပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံပြီး မြဝတီတေးဂီတအဖွဲ့နှင့်တွဲဖက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ တေးသံရှင်များက တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယခုဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ စက်မှုဇုန်များမှ လုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်ဖြစ်ကြောင်း၊ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်က တင်ပြခဲ့သည့် လုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက်များကိုလည်း မိမိတို့တာဝန်ရှိသူ အဆင့်ဆင့်က ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

မျက်ခြည်မပြတ်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ခနအင်အားတောင့်တင်းခိုင်မာရေး၊ အမျိုးသားစီးပွားရေးဘဝ ပိုမိုဖြစ်ထွန်းအောင်မြင်စေရေးအတွက် ကဏ္ဍစုံ ထောင်စုံက ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အတွက်လည်း မျက်ခြည်မပြတ် ဆောင်ရွက်ပေးနေကြောင်း။

ကြိုးပမ်းဆောင်ရွက်

ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း နိုင်ငံတော်၏စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့၏ အမျိုးသား စီးပွားရေးဘဝ ပိုမိုဖြစ်ထွန်းအောင်မြင်စေရေးတို့အတွက် မည်သည့်အခက်အခဲကိုမဆို ကျော်လွှား၍ အောင်မြင်သည်ထက် အောင်မြင်စေရန် နိုင်ငံတော်နှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက လက်ရှိလုပ်ငန်း ကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထုတ်လုပ်ဖြန့်ဖြူး

နိုင်ငံတော်၏စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းအတွင်း၌ စက်မှုဇုန်၁၀ဇုန်ရှိရာ မှတ်ပုံတင်ပြီးစက်ရုံ၂၉၂၁ရုံတို့မှ သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၃-၂၀၀၈ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ 733 Colourful System of River (Part-1) 734 Colourful System of River (Part-2)
၈း၃၀ ၅။ International News
၈း၄၅ ၆။ မူဟန်သွယ်သွယ်ဆိုကြမယ်
၉း၀၀ ၇။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၁း၁၀ ၂။ ရုပ်မြင်ရသ တေးစုကဏ္ဍ
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၀ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **ပျော်ပျော်ရွှင်ရွှင်** လွင်မိုး၊ အောင်လွင်၊ နန္ဒာလှိုင် [ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)]
၁၃း၄၅ ၆။ အတီးပြိုင်ပွဲ

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ **လေကားသုံးထစ်ဆင်းတဲ့အခါ** အရိုင်း၊ မင်းသူ၊ အေးသီတာ (ဒါရိုက်တာ-သိန်းဟန်-ဖီးနစ်)
၄း၃၀ ၃။ Say it in English
၄း၄၀ ၄။ Local Talent
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ အထူးပြု) [စီးပွားရေးပညာ]
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၁၀ ၉။ မိုးလေဝသအခြေအနေ
၆း၁၅ ၁၀။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆း၅၀ ၁၁။ တေးဂီတအစီအစဉ်
၇း၀၅ ၁၂။ **နတ်လူသာစုခေါ်စေသော်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
၇း၃၀ ၁၃။ တေးဂီတအစီအစဉ်
၇း၄၅ ၁၄။ **ညှော်မယ်ဖျို့** ခန့်စည်သူ၊ ငှက်ပျော်ကြော်၊ မိုးပြည့်ပြည့်မောင်၊ ဂွမ်းပုံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ တေးဂီတအစီအစဉ်
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၁၂)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် မတ်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၃၀-၃-၂၀၀၈)ရက်နေ့

၂၀၀၈ ခုနှစ် ဧပြီလအတွက်

(၁၃-၄-၂၀၀၈)ရက်နေ့ နှင့် (၂၇-၄-၂၀၀၈)ရက်နေ့

မန်ယူတို့ အိုးထရက်ဖို့ဒ်၌ လေးဂိုးပြတ်အောင်ပွဲခံ အာဆင်နယ်တို့လည်း ကံကောင်းထောက်မ၍သုံးမှတ်ရ

ဖောင်ပိတ်သတင်း

မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၂၉

ပရီမီယာလိဂ်ပွဲစဉ်(၃၂)ကို မတ် ၂၉ရက်က ဆက်လက်ယှဉ်ပြိုင်ရာ မန်ယူတို့ ဗီလာကို လေးဂိုးပြတ်အနိုင်ရပြီး ဘော်လ်တန်ကွင်း၌ အာဆင်နယ်တို့ကလည်း စိတ်ဓာတ်ပြင်းပြင်းနှင့်ကစားခဲ့သဖြင့် နိုင်ပွဲရရှိကာ အဖိုးတန်သုံးမှတ်ကို အာစင်ဝင်းဂါး သိမ်းပိုက်ကာ အိမ်ပြန်နိုင်ခဲ့သည်။

မန်ယူနှင့် ဗီလာတို့ပွဲတွင် မန်ယူတိုက်စစ်မှူး တီဗက်ဇ် ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

အိုးထရက်ဖို့ဒ်၌ မန်ယူတို့ ခြေအသာ ကစားကွက်အသာဖြင့် အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ မန်ယူတိုက်စစ်မှူး ရွန်နေ၊ တီဗက်ဇ်နှင့် ဒိုလေးတို့က ဗီလာနောက်တန်းကို အကြိမ်ကြိမ်ဖြတ်ကျော် ထိုးဖောက်ပြီး ဂိုးသွင်းရန် ကြိုးစားခဲ့ရာ ပွဲချိန် ၁၇မိနစ်၌ ဗီလာဂိုး၏ ၁၂ကိုက်အကွာမှ ဒိုလေးက ညာခြေဖြင့်နောက်ပေါက်ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုး ရရှိခဲ့သည်။

စတုတ္ထဂိုး

မန်ယူတို့ ဆက်တိုက်ဖိကစားခဲ့ရာ ၃၂မိနစ်၌ ညာတောင်ပံမှ စီရီနယ်ဒို ညာခြမ်းမှ ဖြတ်တင်ဘောကို တီဗက်ဇ်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် မန်ယူတို့ ဒုတိယဂိုး ရရှိခဲ့ပြန်သည်။ ဗီလာတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း အရာမထင်ဘဲ ဖြစ်နေရာ ၅၂မိနစ်၌ ရွန်နေက ခြောက်ကိုက်အကွာမှ ဘယ်ခြေဖြင့် အနိမ့်ဘော ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ တတိယဂိုး ရရှိခဲ့သည်။ မန်ယူတို့ ဆက်တိုက်ထိုးဖောက် တိုက်စစ်ဆင်ခဲ့ရာ ၆၉မိနစ်၌ ရွန်နေက ၁၈ကိုက်အကွာမှ ညာခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ စတုတ္ထဂိုး ရရှိခဲ့ပြီး လေးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဘော်လ်တန်နှင့်အာဆင်နယ်

ဘောလ်တန်နှင့် အာဆင်နယ်တို့ပွဲတွင်တန်းဆင်းဇုန်မှ လွတ်ကင်းရေးအတွက် အိမ်ကွင်း၌ အကွက်စေ့စေ့ကစားနိုင်ခဲ့သော ဘော်လ်တန်တို့ အာဆင်နယ် နောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားခဲ့ရာ ၁၄မိနစ်၌ ဘော်လ်တန် ကွင်းလယ်ကစားသမား မက်သရူးတေလာက အာဆင်နယ်ဂိုးနှင့် ခြောက်ကိုက်အကွာမှ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

အာဆင်နယ်တို့ အဖွင့်ဂိုး ပေးလိုက်ရသဖြင့်ချေပဂိုးရရှိရေး ကြိုးစားရင်း ၃၁ မိနစ်၌ ဒီယာဘိုင် အဝင်ကြမ်းသဖြင့် အနီကတ်ပြ အထုတ်ခံရသည်။

ဒုတိယဂိုး

အာဆင်နယ်တို့ အချိတ်အဆက်မမိဘဲ ဘော်လ်တန်တို့က ကစားကွက်အသာစီးရရှိခဲ့ရာ ၄၃မိနစ်၌ မက်သရူးတေလာကပင် ကိုက် ၂၀ အကွာမှ အမှတ်မထင်သွင်းယူခဲ့သဖြင့် ဘော်လ်တန်တို့ ဒုတိယဂိုး ရရှိခဲ့ပြန်သည်။

အာဆင်နယ်တို့ ပထမပိုင်း ဂိုးမသွင်းနိုင်ဘဲ ကစားကွက်တည်မရဖြစ်နေခဲ့ရာ ပွဲချိန် ၆၁မိနစ်၌ ဘယ်ထောင့်ကန်ဘောမှ တစ်ဆင့် အာဆင်နယ်နောက်ခံလူ ဂါးလက်စ်က အနီးကပ် ညာခြေဖြင့် ကန်သွင်းလိုက်သဖြင့် ချေပဂိုး ရရှိခဲ့သည်။

ချေပဂိုးရရှိသဖြင့် စိတ်ဓာတ် တက်လာပြီး အာဆင်နယ်တို့ ဆက်တိုက်ထိုးဖောက်ကစားရာ ၆၈ မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ တစ်ဆင့် ဗန်ပါစီက သွင်းယူခဲ့ရာ နှစ်ဂိုးစီသရေပွဲဖြစ်နေခဲ့သည်။ ဘော်လ်တန်တို့၇၈မိနစ်၌ တေလာအစားဟန့်၊ ဒီအော့ဖ်အစား စတီးလော့စ်တို့ကို ထည့်သွင်းကစားစေခဲ့ရာ မိနစ်၉၀၌ ဖလာမီနီ ဘယ်ခြမ်းမှ ချပေးလိုက်သည့် ဘောလုံးကို ဖာဘရီဘတ်စ်က ပယ်နယ်တီ အမှတ်အသားအနီးမှကန်သွင်းရာ ဘော်လ်တန်နောက်ခံလူနှင့်ထိပြီး ဂိုးရရှိခဲ့သည်။

ဘော်လ်တန်နှင့် အာဆင်နယ်တို့ပွဲ၌ အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီက ပယ်နယ်တီကို ဤသို့ ကန်သွင်းယူခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

အာဆင်နယ်တို့ ယခုပွဲ၌ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခြင်းမှာ ကံကောင်းစွာ အနိုင်ရခဲ့ခြင်းဖြစ်ပြီး အဖိုးတန် သုံးမှတ်ကို ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ပရီမီယာလိဂ် (၃၂) အနိုင်အရှုံး

ဘာမင်ဂမ် ၃-၁ မန်စီးတီး
ဒါဘီ ၂-၂ ဖူလ်ဟမ်
ပို့စ်မောက် ၂-၀ ဝီဂန်
ဆန်းဒါးလန်း ၂-၁ ဝက်စ်ဟမ်း
ရက်ဒင်း ၀-၀ ဘလက်ဘန်း။

တိုင်းပြည်အတွက်ဆို အမြဲအဆင်သင့်

မောင်အောင် (မွေးကု)

တကယ်တော့ ကျွန်တော် မချမ်းသာပါ။ ချမ်းသာချင်၍ စစ်ထဲသို့ ဝင်ခဲ့ခြင်းမဟုတ်ပါ။ စစ်ထဲမဝင်ခင်က မချမ်းသာခဲ့သော ကျွန်တော်သည် စစ်သက်(၂၆)နှစ်ရပြီး တပ်မတော်မှ အငြိမ်းစားယူခဲ့သော ယနေ့ကာလတွင်လည်း မချမ်းသာပါ။ ဒါပေမယ့် ကျွန်တော် မဆင်းရဲပါ။ လူတန်းစေ့ နေနိုင်ပါသည်။ မချမ်းသာ၍ ကျွန်တော်နောင်တမရပါ။ တိုင်းပြည်အတွက်၊ တပ်မတော်အတွက် လုပ်သင့်လုပ်ထိုက်တာ ကျွန်တော်လုပ်နိုင်ခဲ့၍ ကျေနပ်ပါသည်။

လူ့ဘဝကို တိုတိုကလေးဟု ကျွန်တော်ခံယူပါသည်။ ကျွန်တော်တို့ အသက်ရှင်နေထိုင်ခဲ့ရသည့် လူ့ဘဝတွင် တိုင်းပြည်အတွက်၊ တပ်မတော်အတွက် တစ်ထောင့်တစ်နေရာမှ တာဝန်ကျေပွန်သင့်သည်ဟုပင် ကျွန်တော်ခံယူပါသည်။ ချမ်းသာစရာမလိုပါ၊ ကျော်ကြားစရာမလိုပါ။ သည်လိုပြော၍ လူသာမန်တို့ရလိုသည့် ဆန္ဒများကို မျက်စိစုံမှိတ်ပြီး ကျွန်တော်မရလိုခြင်းဟု ပြောလိုရင်းမဟုတ်ပါ။

ကျွန်တော်လည်း ပုထုဇဉ်လူသာမန်ဖြစ်ပါသည်။ ကျွန်တော်ချမ်းသာချင်ပါသည်၊ ကျော်ကြားချင်ပါသည်။ သမ္မာအာဇီဝဖြင့် တိုင်းပြည်အတွက် အကျိုးပြုလုပ်ငန်းများလုပ်၍ ချမ်းသာချင်ပါသည်၊ ကျော်ကြားချင်ပါသည်။ စွန့်လွှတ်စွန့်စား၍ တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်းထမ်းဆောင်၍၊ ပြည်သူအတွက် စွန့်လွှတ်အနစ်နာခံ၍ ကျော်ကြားသည်မျိုးဖြင့် ကျော်ကြားချင်ပါသည်။

၂၄-၃-၂၀၀၈ရက်နေ့။ ၁၉း၃၀နာရီခန့်

ရုံးကပြန်ခဲ့ပြီး ထမင်းမစားမီ မြန်မာ့ရုပ်မြင်သံကြားဖွင့်ကြည့်ဖြစ်ပါသည်။ ရုံးတာဝန်ထမ်းဆောင်နေသူဖြစ်ပြီး မိသားစုနယ်ပြန်သွား၍ တစ်ယောက်တည်းဖြစ်နေပါသည်။ သည်တီဗွီကလေးသာ ကျွန်တော့်အဖော်။ တပ်မတော်သားဘဝ ရှေ့တန်းမှာတုန်းက ရေဒီယိုလေးသည် ကျွန်တော့်အဖော် ဖြစ်ခဲ့ဖူးပါသည်။ အခုတော့လည်း တီဗွီကလေးက ကျွန်တော့်အဖော် ဖြစ်နေပါသည်။

ဇာတ်ကားနာမည် မသိလိုက်ပါ။ တစ်ပိုင်းတစ်စဖွင့်၍ ကြားဖြတ်ကြည့်မိခြင်းဖြစ်ပါသည်။ ဇာတ်လမ်းက ရှေ့တန်းတွင်ကျဆုံးသွားသည့် ရဲဘော်များသတင်းကို တပ်ရေးဗိုလ်ကြီးနှင့် တပ်ရင်းမှူး၏ ဇနီးက တပ်တွင်းအိမ်ထောင်သည်လိုင်းများသို့ လိုက်လံအသိပေးသည့် အခန်းဖြစ်ပါသည်။ တပ်ရင်းမှူးကတော်က မေသဉ္ဇာဦးဖြစ်ပါသည်။ တပ်ကြပ်ကြီးဇနီးက ပန်းဖြူ ဖြစ်ပါသည်။

သာမန်အားဖြင့် တပ်ရင်းမှူး၏ မာဇဒါဂျစ် တပ်ရင်းမိသားစု အိမ်ထောင်သည်လိုင်းအတွင်း လာရောက်လည်ပတ်လျှင် မိသားစုအားလုံး ပျော်ပါသည်။ ကလေးတွေပြေးလာကြသည်။ ရဲမေများ အပြေးအလွှားကြို ဆိုနှုတ်ဆက်ကြသည်။ ''တပ်မှူးနှင့်တပ်မှူးဇနီးသည် တပ်မိ၊ တပ်ဖ'' ဟူ၍ တပ်မိသားစုများကခံယူကြသည်။ သို့ဖြစ်၍ တပ်မတော်အတွင်း ချစ်ကြည်ရင်းနှီးမှု၊ ပေါင်းသင်းဆက်ဆံမှုသည် တစ်မူထူးခြားနေပါသည်။

တပ်တွင်တာဝန်ထမ်းဆောင်ခဲ့စဉ် မိုးမလင်းခင် မိသားစုလိုင်းဘက်သို့ ကျွန်တော်တို့လမ်းလျှောက်ထွက်လေ့ရှိသည်။ ကိုယ့်မိသားစုတွေ ဘယ်လိုနေသည်၊ဘာချက်စားသည်၊ဘာတွေလုပ်နေသည်ကို ကျွန်တော်တို့ တပ်ရေးဗိုလ်ကြီး၊ ဌာနချုပ်တပ်ခွဲမှူး၊ ဒုတပ်ရင်းမှူး၊ တပ်ရင်းမှူး တာဝန်ထမ်းဆောင်ချိန်တွင် လှည့်ပတ်ကြည့်ရှုသည်။ အိမ်ထောင်သည်လိုင်း ရှုပ်ပွနေလျှင် ရဲမေတွေကို ကျွန်တော်တို့ပြောသည်။ ကလေးတွေ ကျန်းကျန်းမာမာရှိစေရန်၊ သန့်သန့်ရှင်းရှင်းသပ်သပ်ရပ်ရပ် နေထိုင်ကြရန်၊ ဆယ်မျိုးဆယ်ပေါင် စိုက်ပျိုးရန်ကအစ ကျွန်တော်တို့ပြောခဲ့သည်။ ထိုသို့ ပြောသဖြင့် တပ်မိသားစုများက ကျွန်တော်တို့အပေါ် မျက်နှာထားမညို၊ အမုန်းမပို၊ မိဘနှင့်သားသမီး ဆက်ဆံ၊ ပြောဆို၊ ဆုံးမပုံမျိုးဖြစ်၍ ချစ်ကြောက်ရိုသေ လေးစားကြသည်။ တပ်မတော်တွင် တပ်ရင်းမှူးကို အဘာ ဟုခေါ်ခြင်းသည် အသက်ကြီးရင့်၍ ခေါ်ခြင်းမဟုတ်။ အဖအနေဖြင့် လေးစား၍ ခေါ်ခြင်းဖြစ်သည်။

တီဗွီဇာတ်လမ်းကို ပြန်၍ဆက်ပါမည်။ တပ်ရင်းမှူး၏ဇနီးကို သာမန်အချိန်မျိုးတွင် အမိကဲ့သို့နှစ်လိုကြသော ရဲမေများသည် တစ်အိမ်က အော်ငိုပြီးနောက်ပိုင်းတွင် မိမိတို့အိမ်ရှေ့သို့ တပ်ရင်းမှူး၏ဇနီး စောင်းငဲ့၍ မကြည့်စေလိုပါ။ သို့သော် တပ်ရင်းမှူး၏ဇနီးသည်လည်း သားသေဆုံးသည့် မိခင်ပမာ၊ ကျဆုံးစစ်သည်၏ဇနီးကို သမီးရင်းကဲ့သို့ နှစ်သိမ့်ရန် တစ်အိမ်တက်တစ်အိမ်ဆင်း သွားရပါသည်၊ အကြောင်းကြားရပါသည်။ ရဲမေများပူဆွေးဝမ်းနည်းသကဲ့သို့ ရင်နှင့်အမျှခံစား၍ သားသမီးများ၏ အပူကို ကိုယ့်အပူကဲ့သို့ မျှဝေခံစား၍ ဖွင့်ဟပြောဆိုခဲ့ရပါသည်။

ကျွန်တော်တပ်ရင်းမှူး တာဝန်ထမ်းဆောင်စဉ်က အခြေအနေ အရပ်ရပ်ကြောင့် ကျွန်တော့်တပ်ရင်းမှ ကျဆုံးစစ်သည်မရှိခဲ့ပါ။ တပ်ရင်းမိသားစုအိမ်ထောင်သည်လိုင်းသို့ ယခုကဲ့သို့လိုက်၍ ပြောခဲ့ရမှု မရှိခဲ့ပါ။ ရဲမေများ၏ အပူကို မိမိအပူအဖြစ် မျှဝေခံစားရခြင်း မရှိခဲ့ပါ။

ပင်လုံတွင် ဒုတိယတပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရစဉ် ဤအပူမျိုးကို ခါးခါးသီးသီးခံစားခဲ့ရပါသည်။ တစ်ခါတစ်ခါတွင် ဉမမည် စာမမြောက် ကလေးငယ်များဖြင့် ကျန်ရစ်ခဲ့ကြသည့် သမီးများကိုကြည့်၍ သူတို့အပူက ကိုယ့်ကိုပို၍ပင် ပူစေခဲ့ပါသည်။ သူတို့ခံစားရသည်ထက် ကိုယ်ကပင်ပို၍ ခံစားခဲ့ရပါသည်။

သို့သော်လည်း **ကျွန်တော်တို့သည် ကိုယ့်မြေ၊ကိုယ့်ရေကို ချစ်ပါသည်။တိုင်းတစ်ပါးသားကျူးကျော်လွှမ်းမိုးမှု ခေါင်းငုံ့မခံ တုံ့ပြန်တွန်းလှန် တရားသောစစ်ကို ဆင်နွှဲချင်ပါသည်။ ဒီမြေမှာမွေး၊ ဒီရေကိုသောက်သည့် ဒီကျေးဇူးတွေကိုထောက်၍ ကျွန်တော်တို့ တပ်မတော်သားများသည်** ''သစ်ငုတ်ကိုသင်ဖြူး၊ ဆူးကိုမွေ့ရာ'' **ပမာထားပြီး ကိုယ့်နိုင်ငံ၊ကိုယ့်လူမျိုး၊ ကိုယ့်အမိမြေအတွက် တိုက်ပွဲဝင်ခဲ့ကြပါသည်။ တရားသော စစ်ကို ဆင်နွှဲရင်း ''ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏ အသက်ကို စွန့်လွှတ်ရန်'' အဓိဋ္ဌာန်ပြုခဲ့ကြပါသည်။**

သို့ဖြစ်၍လည်း ကျွန်တော်တို့ မြန်မာနိုင်ငံသည် ထီးကျိုးစည်ပေါက် သူ့ကျွန်ဘဝ ရောက်ခဲ့ကြရသော်လည်း ကျွန်တော်တို့ တစ်မျိုးသားလုံးသည် မျိုးချစ်စိတ်အပြည့်အဝဖြင့် ''**သူ့ကျွန်အဖြစ် နှံ့နစ်မခံ**''နယ်ချဲ့ ဗြိတိသျှကို တော်လှန်ခဲ့ပါသည်။ ဖက်ဆစ်ကိုတိုက်ထုတ်ခဲ့ကြပါသည်။ သို့ဖြစ်၍လည်း မျိုးချစ်စိတ်ပြည့်ဝသူများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် အမိမြန်မာနိုင်ငံသည် လွတ်လပ်ရေးအောင်ပန်းကို ဆင်မြန်းနိုင်ခဲ့ပါသည်။

မျိုးချစ်စိတ်ပြည့်ဝသူ အများစုဖြင့်ဖွဲ့စည်းတည်ဆောက်ထားသော ကျွန်တော်တို့ မြန်မာနိုင်ငံသည် မျိုးချစ်စိတ်ပြည့်ဝသည့်၊ ဆန္ဒအလျောက် တိုင်းပြည်တာဝန်ကို ထမ်းဆောင်လိုကြသော မျိုးချစ်စစ်သားများဖြင့် ဖွဲ့စည်းထားသည့် မျိုးချစ်တပ်မတော်၏ ထိန်းသိမ်းစောင့်ရှောက်မှုဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နှစ် ၆၀ တိုင်တိုင် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းထားနိုင်ခဲ့ခြင်းဖြစ်ပါသည်။

လွတ်လပ်သော၊ အဆင့်မြင့်သော၊ ဒီမိုကရေစီ ပြည့်ဝသည်ဟုဆိုသော နိုင်ငံအချို့တွင် ၄င်းတို့နိုင်ငံ၏ စစ်မှုရေးရာများအတွက် စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းပြီး ၄င်းတို့နိုင်ငံ၏ တပ်မတော်အင်အားပြည့်ဝရေးကို ကျားကန်နေကြရပါသည်။

ကျွန်တော်တို့နိုင်ငံကို နိုင်ငံကြီးအချို့က ဒီမိုကရေစီမပြည့်ဝဟု ပြောနေကြသော်လည်း ပြောနေကြသည့်နိုင်ငံများကဲ့သို့ ကျွန်တော်တို့နိုင်ငံတွင် စစ်မှုမထမ်းမနေရ ဥပဒေမပြဋ္ဌာန်းထားသေးပါ။ ကျွန်တော်တို့ မြန်မာများသည် **ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရန်၊ ကိုယ့်ဆန္ဒအလျောက်၊ ကိုယ့်တပ်မတော်အတွက်၊ ကိုယ့်ဘာသာစစ်မှုထမ်းဆောင်နေကြပါသည်။**

မျိုးချစ်စိတ်ကို အရင်းတည်၍ ဖွဲ့စည်းခဲ့သည့် ကျွန်တော်တို့မြန်မာ့တပ်မတော်သည်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆက်လက်သယ်ပိုးနိုင်ရန်အတွက် အင်အားတောင့်တင်းခိုင်မာသည်ထက် ခိုင်မာလာပြီး နိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းရာတွင် အဓိကအခန်းမှပါဝင်လျက်ရှိနေပါပြီ။

ကျွန်တော် အသက် ၅၅ နှစ်ရှိပါပြီ။ တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီးနောက် နယ်ဘက်တာဝန် ထမ်းဆောင်လျက်ရှိသော်လည်း-

ကျွန်တော်သန်ပါသေးသည်၊ စွမ်းပါသေးသည်။ လိုအပ်လျှင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် စစ်မှုထမ်းဆောင်ရန် ကျွန်တော် အမြဲအသင့်ဖြစ်နေပါသေးသည်။ ။

ကျွန်တော်တို့သည် ကိုယ့်မြေ၊ ကိုယ့်ရေကို ချစ်ပါသည်။ တိုင်းတစ်ပါးသား ကျူးကျော်လွှမ်းမိုးမှု ခေါင်းငုံ့မခံ တုံ့ပြန်တွန်းလှန် တရားသောစစ်ကို ဆင်နွှဲချင်ပါသည်။ ဒီမြေမှာမွေး၊ ဒီရေကိုသောက်သည့် ဒီကျေးဇူးတွေကို ထောက်၍ ကျွန်တော်တို့ တပ်မတော်သားများသည် ''သစ်ငုတ်ကိုသင်ဖြူး၊ ဆူးကိုမွေ့ရာ'' ပမာထားပြီး ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်အမိမြေအတွက် တိုက်ပွဲဝင်ခဲ့ကြပါသည်။ တရားသောစစ်ကို ဆင်နွှဲရင်း ''ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏ အသက်ကို စွန့်လွှတ်ရန်'' အဓိဋ္ဌာန်ပြုခဲ့ကြပါသည်။

မတ် ၂၆ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် ခန်းမ၌ (၂၅)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပရာ စာအောင်သံဃာတော် တစ်ပါးအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က အောင်လက်မှတ်နှင့် ဝတ္ထုငွေ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မတ် ၂၇ရက်က ခိုင်ရွှေဝင်း ကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်သန်းနုအား ရည်စူး၍ ရန်ကုန်မြို့ အင်း လျား လမ်းနေ ဦး တင် ရွှေ-ဒေါ်မွေး၊ မန်နေဂျာ ဦးအေး မိသားစု၊ မင်္ဂလာဒုံ ဈေးချိုရွှေဆိုင်မှ ဒေါ်စောတင် မိသားစုနှင့် (ဦးမြင့်စိုး)- ဒေါ်အေးအေး (ရောင်ခြည်ဦး ရွှေဆိုင်)မိသားစုတို့က ပဲခူးမြို့ အင်းတကော်ကျေးရွာအုပ်စု ပဲခူးတောင်သာသနာပြုစခန်း သာသနာ့ဇောတိကကျောင်းတိုက်တွင် သာသနာပြုလုပ်ငန်းများဆောင်ရွက်ရာ၌ အသုံးပြုရန်အတွက် ငွေကျပ် ၂၄၀၀၀၀တန်ဖိုးရှိ ရေခဲသေတ္တာတစ်လုံးကို ပဓာနနာယကဆရာတော် ဦးထာဝရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရသမြောက်ခံစားရမည့် "ရောင်စဉ်လှိုင်း" ပန်းချီပြပွဲမြင်ကွင်း

အနုပညာရှုခင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာပြင်ဆင်မှု-ကြည်ဝင်း

ရန်ကုန် မတ် ၂၉

ပန်းချီအနုပညာကို ချစ်မြတ်နိုးသူများအတွက် ရသမြောက်ခံစားလို့ရတဲ့ **"ရောင်စဉ်လှိုင်း"**လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းမှာရှိတဲ့ မြန်မာ့ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဗဟိုပြခန်းမှာ မတ် ၂၈ ရက်မှစပြီး ဧပြီ ၅ရက်အထိ ခင်းကျင်းပြသထားပါတယ်။

အရုဏ်ဦး

ပန်းချီမျိုးဆက်၏ အရုဏ်ဦးလို့ အမည်ပေးထားသည့် ပန်းချီကားကလည်း လွမ်းမောစရာ ကောင်းလှသည်

ခင်းကျင်းထား

ဒီပန်းချီပြပွဲမှာ ကမာရွတ်မြို့နယ်က ပန်းချီပညာရှင်တွေဖြစ်တဲ့ အောင်သန်းသစ်၊ မောင်မောင်သိန်း(ပုသိမ်)၊ ကြည်ဇော်၊ ဒီပ၊ မျိုးဆက်၊ နန္ဒာလှိုင်၊ မင်းညိုမောင်၊ ကိုသက်(KTK)၊ တင်ထွဋ်လတ်၊ ဒရဝ္ဂန်၊ ခင်ဝင်းကြည် (KWK)၊ ဇာခြည်၊ ခင်သီတာရည်နှင့် ဇင်မီဇင်ဝင်းတို့ရဲ့ အရွယ်စုံ၊ ဆိုက်စုံ ပန်းချီကား ၁၀၀ကို ခင်းကျင်း ပြသထားပါတယ်။

ရှုခင်း၊ မော်ဒန်၊ မြန်မာ့ရိုးရာပန်းချီစတဲ့ ရေးဆွဲဟန် အမျိုးမျိုး ရှုထောင့်အဖုံဖုံက ခြယ်မှုန်းထားတဲ့ ပန်းချီကားတွေဟာ ကြည့်သူရင်ကို ခံစားမှု ရသမြောက်အောင် အပြည့်အဝ ပေးဆောင်နိုင်ပါတယ်။ ပန်းချီကားတွေဟာ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်တွေနဲ့ ရေးဆွဲထားတာမို့ အရောင်စုံ၊ မြင်ကွင်းစုံပါပဲ။

သရုပ်မှန်

ဒီပန်းချီကားတွေထဲမှာ ပန်းချီဆရာမျိုးဆက်ရဲ့ **"အရုဏ်ဦး"**လို့ အမည်ပေးထားတဲ့ ပန်းချီကားကို လေ့လာတဲ့အခါ ပြင်ဦးလွင်မြို့ အတက်လမ်းတစ်နေရာရဲ့ နံနက်ခင်း အလှမြင်ကွင်း ဖြစ်ပါတယ်။ သရုပ်မှန်ရေးဆွဲနည်းနဲ့ အအေးရောင်စဉ်တွေ၊ သစ်ပင်တွေကြားက ထိုးကျနေတဲ့ နေရောင်ခြည်နဲ့ မြူနှင်းတွေဝေနေတာကို အရောင်ဖျော့ဖျော့သုံးပြီး အလင်း၊ အရိပ်တွေနဲ့ ဖွဲ့စည်းထားမှုက ညီညွတ်မျှတနေတာမို့ လွမ်းမောစရာ မြင်ကွင်းတစ်ခုအဖြစ် ခံစားရပါတယ်။

ပေါင်းစပ်ခြယ်မှုန်း

ပန်းချီဆရာ နန္ဒာလှိုင်ရဲ့ **"ရောင်စဉ်လှိုင်း"**လို့ အမည်ပေးထားတဲ့ ပန်းချီကားကတော့ အရောင်နဲ့စုတ်ချက်တွေကို ဦးစားပေးရေးဆွဲထားတဲ့ စိတ်ကူးပန်းချီကားတစ်ချပ်ပါပဲ။ ဒီပန်းချီကားမှာ စမ်းချောင်း၊ လယ်ကွက်၊ ချုံ၊ အဝေးမှာလှမ်းမြင်ရတဲ့ သစ်ခြောက်ပင်နဲ့လယ်တဲတို့ကို သဘာဝနဲ့ ဆန့်ကျင်တဲ့အရောင်အတွဲအစပ်တွေနဲ့ ဟန်ချက်ညီညီပေါင်းစပ်ခြယ်မှုန်းထားတာမို့ ကောင်းကင်ပြာပြာအောက်မှာ တကယ့်မြင်ကွင်းတစ်ခုကို ကြည့်ရှုနေရသလိုပါပဲ။ ဒီပန်းချီကားဟာ လူတစ်ဦးရဲ့ စိတ်လွတ်လပ်မှုကို ဖော်ပြထားပါတယ်။



ပန်းချီဆရာ နန္ဒာလှိုင်၏ ရောင်စဉ်လှိုင်းပန်းချီကားကလည်း ဤသို့ ဟန်ချက်ညီညီ ပေါင်းစပ်ခြယ်မှုန်းထားသည်။

လက်ရာမြောက်

နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့ ပန်းချီကားတစ်ချပ်က **"ကျောင်းတော်(၁)"**လို့ အမည်ပေးထားတဲ့ ပန်းချီဆရာ ဒီပရဲ့ လက်ရာမြောက်ပန်းချီကားပဲ ဖြစ်ပါတယ်။ မန္တလေးမြို့တစ်ဖက်ကမ်း မင်းကွန်းမှာရှိတဲ့ မြသိန်းတန်စေတီရဲ့ မုခ်ဦးနဲ့ လှေကားအတက်မြင်ကွင်းကို အတွင်းက လှမ်းမြင်ရတဲ့ရှုထောင့်က နေပြီး ရေးဆွဲထားတာ ဖြစ်ပါတယ်။ သဘာဝအရောင်ထက် အနုပညာဆန်တဲ့ အရောင်အသွေးတွေနဲ့ ပေါင်းစပ်ရေးဆွဲထားပြီး ခေတ်ပြိုင်ရောင်စဉ်နဲ့ စုတ်ချက်လေးတွေကိုလည်း ဦးစားပေးရေးဆွဲထားတာမို့ ပန်းချီကားဟာ ဆွဲဆောင်မှုအပြည့် ရှိနေပါတယ်။ ဒီပန်းချီကားဟာ မြန်မာတို့ရဲ့ဗိသုကာလက်ရာတွေကို ဖော်ပြချင်တာဖြစ်ပြီး ပန်းချီရေးဆွဲမှုမှာ အမှောင်ပိုင်း၊ ပြင်ပမှာကျရောက်နေတဲ့ အလင်း၊ နေရောင်ထိတွေ့နေတဲ့ လွင်ပြင် စတဲ့ အပိုင်းသုံးပိုင်းစလုံးကို အရောင်အနုအရင့်၊ အအေးရောင်၊ အပူရောင်တွေနှင့် ပေါင်းစပ်ရေးဆွဲထားတာမို့ စိတ်ဝင်စားစရာကောင်းတဲ့ ပန်းချီကားတစ်ချပ်ပါပဲ။ **"ယာခင်း"** လို့ အမည်ပေးထားတဲ့ အခရိုင်းလစ်နဲ့ ရေးဆွဲထားတဲ့ ပန်းချီကားကတော့ ပန်းချီဆရာမခင်ဝင်းကြည်(KWK)ရဲ့ လက်ရာဖြစ်ပါတယ်။ အညာဒေသမှာရှိတဲ့ ယာခင်းတစ်ခုရဲ့ အပေါ်စီးမြင်ကွင်းကို ဆေးထိုးအပ်နဲ့ ဆေးရောင်တွေညှစ်ပြီး ရေးဆွဲထားတာ ဖြစ်တာမို့ ထူးဆန်းနေပါတယ်။ စိုက်ခင်းတွေရဲ့ ညီညာလှပနေတဲ့ အပေါ်စီးမြင်ကွင်း၊ စိုက်ခင်းပေါ် အရိပ်ကျနေပုံတွေကို အစိမ်း၊ အဝါ၊ အညိုရောင်တွေနဲ့ ပေါင်းစပ် ရေးဆွဲထားတာမို့ ဆန်းသစ်တဲ့ မြင်ကွင်းအဖြစ် တွေ့မြင်ရပါတယ်။



ကျောင်းတော်(၁)

ကျောင်းတော်(၁)လို့ အမည်ပေးထားသည့် ပန်းချီဆရာဒီပ၏ ပန်းချီကား က လည်း လက် ရာ မြောက်လှသည်။



ယာခင်း

"ယာခင်း" လို့ အမည်ပေးထားတဲ့ ပန်းချီဆရာမခင်ဝင်းကြည်(KWK)၏ ပန်းချီကားကလည်း ဆန်းသစ် တဲ့ မြင်ကွင်း အဖြစ် ဤသို့ တွေ့မြင်ရသည်။

အရောင်အသွေး

"ပန်းအလှ(၂)"လို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားကတော့ ပန်းချီဆရာ ကြည်ဇော်ရဲ့ လက်ရာပါ။ နေကြာပန်းတွေ ဝေနေတဲ့ ပန်းအိုးတစ်ခုရဲ့ အနီးကပ်မြင်ကွင်းဖြစ်ပါတယ်။ အမှောင်ထဲက အဝါရောင် အလင်းတောက်ပနေပုံနဲ့ နေကြာပန်းရဲ့ သဘာဝကိုပေါ်လွင်အောင် အညိုပေါ် အဝါဖောက်ပြီး အစိမ်းရောင် သစ်ရွက်လေးတွေနဲ့ စုစည်းရေးဆွဲထားခြင်း ဖြစ်တာမို့ သက်ငြိမ်ပန်းချီကားရဲ့ အရောင်အသွေးနဲ့ အသက်ဝင်မှုအားကောင်းပုံကို ဖော်ပြနေပါတယ်။

ရသပေးစွမ်း

ပန်းချီဆရာစုံ၊ လက်ရာစုံနဲ့ အတွေးအခေါ်၊ အယူအဆ၊ ရှုထောင့်အမျိုးမျိုးကို ရေးဆွဲထားတဲ့ ပန်းချီကားတွေချည်း ခင်းကျင်းပြသထားတဲ့ **"ရောင်စဉ်လှိုင်း"** ပန်းချီပြပွဲဟာ လေ့လာသူတွေရဲ့ရင်ကို တစ်စုံတစ်ရာ ခံစားမှုရသ ပေးစွမ်းမှာ ဖြစ်ပါကြောင်း တင်ပြပေးလိုက်ပါတယ်။ ။

(မြန်မာ့အလင်း)

တရားပွဲများ ကျင်းပမည်

မူလကသစ်ဝိုင် သင်္ကြန်တွင်းတရားစခန်း

ကျေးဇူးရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး၏ သင်္ကြန်တွင်း ၁၀ရက် တရားစခန်းပွဲကို ဦးကရုဏ၊ ဦးနိန္ဒိယ၊ ဦးဝေပုလ္လ၊ ဦးအာစိဏ္ဏဆရာတော်များက ဧပြီ ၈ရက်မှ ၁၉ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသောယောဂီများ အဗျားနှစ်ရွာဆိုင် မူလကသစ်ဝိုင် ကျောင်းတိုက်ကြီးသို့ ဧပြီ ၈ရက် ညနေအရောက် လာရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

မော်လမြိုင် သဲအင်းဂူသင်္ကြန် တရားစခန်း

မော်လမြိုင်မြို့ သဲအင်းဂူ အမှတ်(၁) ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် သင်္ကြန်အဓိဋ္ဌာန် တရားစခန်းကို ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ ၁၀ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်လိုသူများသည် ဧပြီ ၁၀ရက် အရောက်လာရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဖုန်း-၀၅၇-၂၅၇၆၇၊ ၀၅၇-၂၄၆၂၂နှင့် ၀၅၇-၂၄၈၃၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

နောင်ဘိုဓမ္မရိပ်သာ သင်္ကြန်တွင်းတရားစခန်း

ပဲခူးတိုင်း ဝေါမြို့နယ် နောင်ပတ္တရာကျေးရွာ နောင်ဘိုဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဦးအာစိဏ္ဏက သင်္ကြန်တွင်းတရားစခန်းပွဲ၊ ဒုလ္လဘရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲကို ဧပြီ ၁၂ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဧပြီ၁၁ရက် အရောက် လာရောက်ကြရန် ဖိတ်ကြားထားသည်။

အောင်ဆန်း မိုးကုတ်ရိပ်သာတရားစခန်းပွဲ

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ(၇၇)တွင် ဧပြီ ၁ရက်မှ ၇ရက် အထိဖွင့်လှစ်မည့် (၁၁၄) ကြိမ်မြောက် တရားစခန်းပွဲ၌ ယောဂီ ၁၄၀၀ကျော်၊ ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ဖွင့်လှစ်မည့် (၁၁၅)ကြိမ်မြောက် သင်္ကြန်တရားစခန်းပွဲ၌ ယောဂီ ၂၀၀၀ကျော် တရားစခန်းဝင်ရောက်ရန် စာရင်းပေးသွင်းထားရာ ညအိပ်ယောဂီများ လက်မခံတော့ဘဲ နေ့ယောဂီများသာ လက်ခံလျက်ရှိသည်။ တရားစခန်းပွဲတွင် ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်က ပဋ္ဌိစ္စသမုပ္ပာဒ် သစ္စာတရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ

နေပြည်တော် မတ် ၂၉

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော် ဂေါက်ကွင်းတို့တွင် တစ်ကွင်း တစ်ရက်စီဖြင့် သုံးရက် ကျင်းပမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်း ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ်ကွင်းအလိုက် ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံး အသင်းအတွက် နေပြည်တော်မဟာသင်္ကြန် Tour-Gold Cup ဖလားနှင့် အားကစားသမားတစ်ဦးချင်းကိုလည်း ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ၁၀သိန်းစီအပြင် ဒုတိယရရှိသည့် အသင်းအားတစ်ဦးချင်း ငွေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံး အားကစားသမားအား ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀သိန်း၊ ဒုတိယရရှိသည့် အားကစားသမားအား ငွေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ရမည်

ပြိုင်ပွဲဝင် အသင်းတစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး Pro အားကစားသမား နှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျောပေးသတ်မှတ်ချက်(Handicap Zero)ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၁၀ရက် နောက်ဆုံးထား၍ နေပြည်တော် မြို့တော်ဝန်ရုံး ဖုန်း-၀၆၇-၄၁၄၆၁၀၊ ၄၁၄၂၈၉ တို့သို့ ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၂၉

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် မတ် ၂၇ရက် မွန်းလွဲ ၁နာရီက တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသော (၆၃)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ပေးအပ်

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်အဆင့်လိုက် ပထမရရှိကြသူများအား ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆုချီးမြှင့်

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲတွင် တပ်နယ်လေးခုမှ အရာရှိ ၁၂ဦး၊ စစ်သည်၃၆ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိသုံးဦး၊ စစ်သည် ကိုးဦး စုစုပေါင်းအရာရှိ၊ စစ်သည် ၆၀ ယှဉ်ပြိုင်ခဲ့ပြီး အဆင့်တစ်ခုချင်းစီအလိုက် အရာရှိတစ်ဦး၊ စစ်သည်သုံးဦး စုစုပေါင်းလေးဦးစီတို့အား ဆုချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရိစာကျောက်ချောလမ်းဖွင့်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ နေပြည်တော်ပျဉ်းမနား ငကောင်းကံအုပ်စု ဇီးကုန်းကျေးရွာ ကျေးရွာချင်းဆက် ရိစာကျောက်ချောလမ်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးရွာချင်းဆက် ရိစာကျောက်ချောလမ်းဖွင့်ပွဲ နေပြည်တော်ပျဉ်းမနား၌ ကျင်းပ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၇ရက်က နေပြည်တော် ပျဉ်းမနား ငကောင်းကံ အုပ်စု ဇီးကုန်းကျေးရွာ ကျေးရွာချင်းဆက် ရိစာကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာ စကားပြောကြားသည်။

ယင်းနောက် ရိစာကျောက်ချောလမ်းဖြစ်မြောက်ရေး ကော်မတီဝင် ဦးတင်ဝင်းက လမ်းဖောက်လုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်

ဆက်လက်၍ လမ်းဖောက်လုပ်ရာတွင် ကူညီဆောင်ရွက်ပေးခဲ့သည့် သော်တာဝင်းကုမ္ပဏီမှ ဝန်ထမ်းများအတွက် ဇီးကုန်းကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် ဦးဌေးလှိုင်က အမှတ်တရလက်ဆောင်များကို တာဝန်ရှိသူတစ်ဦးထံ ပေးအပ်သည်။

ရုပ်သိမ်း

ဆက်လက်၍ နေပြည်တော်ပျဉ်းမနား ရှမ်းစုလေးရွာနှင့် ဇီးကုန်း ကျေးရွာ ကျေးရွာချင်းဆက် ရိစာကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ နေပြည်တော် ပျဉ်းမနား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်သက်ဦးနှင့် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးလှမြင့်တို့က ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4အဖွင့် Logo ယနေ့အစီအစဉ်	၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၇း၀၅-၁း၀၅	အရဟံ ဂုဏ်တော်အဖွင့် တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)	၉း၄၀-၃း၄၀	Euro Goals
၇း၅၅-၁း၅၅	Soccer Update	၁၀း၀၀-၄း၀၀	မိုးလေဝသခန့်မှန်းချက်
၈း၁၀ - ၂း၁၀	Sunday Talk [ဒေါ်နုနုယဉ် (ပါမောက္ခ၊ စီးပွားရေးတက္ကသိုလ်)၊ ဦးအောင်စိုးသာ(ဒါရိုက်တာ -MIT)၊ ဦးမျိုးမြတ်သူ)]	၁၀း၀၅-၄း၀၅	မြိတ်မြို့မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ် (အပိုင်း-၂)
၈း၄၅-၂း၄၅	အောင်စေတီဆရာတော် ဘဒ္ဒန္တစတိလ၏ သာသနာ ပြုမှတ်တမ်း	၁၀း၄၀-၄း၄၀	တေးဂီတအစီအစဉ်
၉း၀၅-၃း၀၅	တေးဂီတအစီအစဉ်	၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း	၁၀း၅၅-၄း၅၅	ပါဝင်ဆင်နွှဲပြင်ဦးလွင်မှ ရွှေရတုဂေါက်သီးရိုက်ပြိုင်ပွဲ
၉း၂၀-၃း၂၀	သီးနှံစိုက်ပျိုးအထွက်တိုး ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ	၁၁း၁၅-၅း၁၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	နိုင်ငံတကာ သတင်းအကျဉ်း	၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
		၁၁း၃၀-၅း၃၀	ကျန်းမာရေးကဏ္ဍ ရာသီဥတုပြောင်းလဲမှု ကျန်းမာရေးကိုသတိပြု (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွန်း)
		၁၂း၀၅-၆း၀၅	တေးဂီတအစီအစဉ်
		၁၂း၁၀-၆း၁၀	နိုင်ငံတကာအနုပညာ ရေးရာ
		၁၂း၃၀-၆း၃၀	လွင်မိုးခရီးသွားနေသည် (အပိုင်း-၁၀)
		၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Chelsea-Middlesbrough	EPSN Live)
၈း၂၄	Tottenham-Newcastle	Star Sports(Live)
၉း၂၅	Liverpool-Everton	EPSN (Live)

CICT Diploma သင်တန်းများနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၉

Myanmar Information Technology Pte,Ltd. ကကြီးမှူးကျင်းပသည့် CICT Diploma သင်တန်းများနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို မတ် ၂၃ရက် မွန်းလွဲ၁နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel, Grand Ballroom ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ Myanmar Information Technology Pte,Ltd. မှ ဒါရိုက်တာ ဦးအောင်စိုးသာကအဖွင့်အမှာစကားပြောကြားပြီး မလေးရှားနိုင်ငံ Cambridge ICT For All မှ Business Operation ဒါရိုက်တာ Ms. Olivia က CICT Diploma သင်တန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ Myanmar Information Technology Pte,Ltd. Senior Project မန်နေဂျာ ဒေါ်လှဲ့မွန်ဝင်းက သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားမည့် နည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ထို့နောက် Myanmar Information Technology Pte,Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းသူရသက်က Industry Oriented Aspect of Cambridge ICT နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဖွင့်လှစ်

မလေးရှားနိုင်ငံ Cambridge ICT For All မှ ချီးမြှင့်မည့် အဆိုပါ CICT Diploma များသည် Industry Oriented ပုံစံဖြင့်သင်ကြားပေးမည်ဖြစ်ပြီး Diploma သင်တန်းပြီး မြောက်သူများသည် လက်တွေ့လုပ်ငန်းခွင်များတွင် ကျွမ်းကျင်၍ အရည်အချင်းပြည့်ဝသော Software Engineer များအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များတွင်လည်း IT နှင့် ပတ်သက်သော Bachlor Degree များကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။ CICT Diploma in Software Engineering နှင့် CICT Diploma in Business IT စသည် Diploma Course များကို မြန်မာနိုင်ငံတွင် တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ် Myanmar Information Technology Pte,Ltd. က တာဝန်ယူ ဖွင့်လှစ်ပေးသွားမည် ဖြစ်သည်။

ဆက်သွယ်နိုင်

CICT Diploma သင်တန်းများကို ၂၀၀၈ ခုနှစ် မေလတွင် စတင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများသည် အမှတ် ၁၁၂ အခန်း(၁၁)၊ (၁၂) ဧမိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉နှင့် ၆၅၀၁၂၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ရန်ကုန်တိုင်း)မှ ဦးဆောင်၍ တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဖွင့်လှစ်သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဒေါ်စန်းစန်းဝင်းက ရပ်ကွက်ထူးချွန်ဆုရ သင်တန်းသူ တစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်။

(က-ပ)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

မော်ရင်ဟို အင်တာနည်းပြအဖြစ် လက်ခံပြီ

မီလန် မတ် ၂၉

ချယ်လ်ဆီး နည်းပြဟောင်း မော်ရင်ဟိုသည် အင်တာမီလန် အသင်းနှင့် အပြီးသတ် ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်သည်။ မော်ရင်ဟိုက လာမည့် ဘောလုံးရာသီ၌ အင်တာမီလန် နည်းပြအဖြစ် တာဝန်ယူမည်ဖြစ်ကြောင်း အတည်ပြု ပြောကြားလိုက်သည်။

အင်တာမီလန်နည်းပြ တာဝန်ယူမည့် မော်ရင်ဟို

ရောက်ရှိမည်

၂၀၀၄ ခုနှစ်ကတည်းက တာဝန်ယူခဲ့သော လက်ရှိ အင်တာမီလန် နည်းပြ မန်စီနီသည် ယခုနှစ်ရာသီကုန်၌ နည်းပြတာဝန်မှ နုတ်ထွက်မည်ဖြစ်သည်။ မော်ရင်ဟိုအနေဖြင့် ယခုနှစ်ဘောလုံးရာသီကုန်သည်နှင့် အီတလီသို့ ရောက်ရှိလာမည်ဖြစ်ပြီး အင်တာနည်းပြတာဝန်ထမ်းဆောင်တော့မည် ဖြစ်သည်။

(အင်တာနက်)

ဆိုနီအဲရစ်ဆင် အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒီဂျိုကိုဗစ် ချန်ပီယံဖလား ကာကွယ်နိုင်

မီယာမီ မတ် ၂၉

အမေရိကန်နိုင်ငံ မီယာမီမြို့၌ မတ် ၂၉ရက်က ကျင်းပသည့် ဆိုနီအဲရစ်ဆင် အိုးပင်းတင်းနစ် ပြိုင်ပွဲဗိုလ်လုပွဲ၌ လက်ရှိချန်ပီယံ ဒီဂျိုကိုဗစ် **(အောက်ပုံ)**က တောင်အာဖရိက တင်းနစ်သမား ကီဗင်အင်ဒါဆင်ကို အနိုင်ရရှိပြီး ချန်ပီယံ ဆုဖလားကို ကာကွယ်နိုင်ခဲ့သည်။

ဒီဂျိုကိုဗစ်သည် ကီဗင်အင်ဒါဆင်အား ၇-၆၊ ၇-၁၊ ၃-၆၊ ၆-၄ ဖြင့် အနိုင်ရရှိခြင်းဖြစ်သည်။ အသက် ၂၀ အရွယ်ရှိ ဒီဂျိုကိုဗစ်သည် ၂၀၀၈ ခုနှစ်၌ သူ၏ ချန်ပီယံဆုဖလားကို ပထမဆုံး ကာကွယ်နိုင်ခဲ့သည့်ပွဲလည်း ဖြစ်သည်။

(အင်တာနက်)

ပေကျင်းအိုလံပစ် အမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင် ၁၆သင်း ပါဝင်ယှဉ်ပြိုင်မည်

အဘူဂျာ မတ် ၂၉

ပေကျင်းအိုလံပစ် အမျိုးသားဘောလုံးပွဲစဉ်များကို လာမည့် ဩဂုတ် ၈ရက်မှ ၂၄ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။

အမျိုးသား ဘောလုံးပြိုင်ပွဲအတွက် အသင်းပေါင်း ၁၆သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ နောက်ဆုံး ခြေစစ်ပွဲအောင်လာသော အသင်းမှာ နိုင်ဂျီးရီးယားအသင်းဖြစ်သည်။

ချီးမြှင့်

နိုင်ဂျီးရီးယား အမျိုးသားဘောလုံးအသင်းသည် မတ်၂၈ရက်က တောင်အာဖရိကအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး ခြေစစ်ပွဲ အောင်ခဲ့သည်။ နိုင်ဂျီးရီးယား ဘောလုံးအသင်းသည် ခြေစစ်ပွဲနိုင်အောင် ကစားနိုင်သည့်အတွက် ယင်းနိုင်ငံက ဘောလုံးသမားတိုင်းကို ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၄၀၀၀စီ ချီးမြှင့်မည်ဟုဆို၏။

ပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်လာသော အခြား အသင်းများမှာ ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယား၊ ကင်မရွန်း၊ အိုင်ဗရီကို့စ်၊ ဘယ်လ်ဂျီယံ၊ အီတလီ၊ နယ်သာလန်၊ ဆားဘီးယား၊ တရုတ်၊ အာဂျင်တီးနား၊ အမေရိကန်၊ နယူးဇီလန်၊ ဟွန်ဒူးရပ်စ်နှင့်ဘရာဇီး တို့ဖြစ်သည်။

(အင်တာနက်)

ချယ်လ်ဆီးနှင့်မလေးရှားအသင်း ဇူလိုင်လတွင် ကစားရန်ရှိ

လန်ဒန် မတ် ၂၉

ချယ်လ်ဆီးအသင်းသည် အာရှခရီးစဉ်အဖြစ် ဇူလိုင်လတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ သွားရောက်ကစားမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက ပြောကြားသည်။

ချယ်လ်ဆီးအသင်းသည် မလေးရှား စူပါလိဂ်မှ အကောင်းဆုံးဘောလုံးသမားများနှင့် ဇူလိုင် ၂၉ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်း၏ ဒုတိယမြောက်ပွဲစဉ်ကို အသင်းက ဆက်လက်ကြေညာမည်ဟုဆိုသည်။ ချယ်လ်ဆီးအသင်း၏ အာရှခရီးစဉ်သည် ၂၀၀၅ ခုနှစ်မေလနောက်ပိုင်း ပထမဆုံးသွားရောက်မည့် ခရီးစဉ်ဖြစ်သည်။

(အင်တာနက်)

မေဝဲလ်သားနှင့် ဂျူနီယာဝိတ်တာ ထိုးသတ်မည်

နယူးယောက် မတ် ၂၉

ကမ္ဘာ့လက်ဝှေ့ကောင်စီ ဝယ်တာဝိတ်ချန်ပီယံ မေဝဲလ်သားက ကမ္ဘာ့လက်ဝှေ့ကောင်စီ လိုက်ဝယ်တာဝိတ်ချန်ပီယံ ဂျူနီယာဝိတ်တာ၏ စိန်ခေါ်မှုကို လက်ခံလိုက်သည်။

မိမိအား ဂျူနီယာဝိတ်တာက အလဲထိုးနိုင်ခဲ့လျှင် လက်ဝှေ့ဆက်ထိုးတော့မည်မဟုတ်ကြောင်း မေဝဲလ်သားက ပြောကြားသည်။ မေဝဲလ်သားနှင့် ဂျူနီယာဝိတ်တာတို့၏ လက်ဝှေ့ပွဲကို လပ်စ်ဗီးဂတ်စ်မြို့၌ ကျင်းပရန် စီစဉ်ထားသော်လည်း ရက်အတိအကျ မထုတ်ပြန်သေးချေ။

ကမ္ဘာ့လက်ဝှေ့ကောင်စီ ဝယ်တာဝိတ်တန်းချန်ပီယံ မေဝဲလ်သားသည် အသက် ၂၉နှစ်အရွယ်ရှိပြီး လက်ဝှေ့ပွဲ ၄၄ပွဲ အလဲထိုးအနိုင်ရထားသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။ (အင်တာနက်)

မေဝဲလ်သားနှင့် ဂျူနီယာဝိတ်တာ

မေဝဲလ်သား(ယာ)**နှင့် ဂျူနီယာဝိတ်တာ**(ဝဲ)**တို့ကို ဤသို့ တွေ့ရသည်။** (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့ဖလား အိမ်ရှင်တောင်အာဖရိကအသင်း လမ်းကြောင်းမှန်ပြန်ရောက်ပြီဟု ပရဲယားပြောကြား

ဂျိုဟန်နစ္စဘတ် မတ် ၂၉

၂၀၁၀ ကမ္ဘာ့ဖလားအိမ်ရှင် တောင်အာဖရိကအသင်းသည် မတ်၂၈ရက်က ပါရာဂွေး အသင်းကို ချစ်ကြည်ရေးကစားရာတွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည့်အတွက် လမ်းကြောင်းမှန်ပေါ်သို့ ရောက်လာပြီ ဖြစ်ကြောင်း တောင်အာဖရိက နည်းပြ ပရဲယားက ပြောကြားလိုက်သည်။

လမ်းကြောင်းမှန်

ဘရာဇီးနည်းပြ ပရဲယားသည် ယခုနှစ်ဆန်းပိုင်းက အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲတွင် ရလဒ်မကောင်းခဲ့မှုကြောင့် ဖိအားပေး ခံနေရသည်။ သို့သော်လည်း ပါရာဂွေးအသင်းကို ဂိုးပြတ်ကစားနိုင်ခဲ့၍ လမ်းကြောင်းမှန်သို့ ပြန်ရောက်လာပြီ ဖြစ်ကြောင်း ပရဲယားက ပြောကြားသည်။

(အင်တာနက်)

တိုက်စစ်မှူး ထရက်ဇီဂေး ယူရိုပြိုင်ပွဲ ပါဝင်ရန်မသေချာ



တိုက်စစ်မှူး ဒေးဗစ်ထရက်ဇီဂေး

ပါရီ မတ် ၂၉

ပြင်သစ် တိုက်စစ်မှူး ဒေးဗစ်ထရက်ဇီဂေးသည် အင်္ဂလန်အသင်းနှင့်ချစ်ကြည်ရေး ကစားခဲ့ရာတွင် ခြေစွမ်းမပြနိုင်သည့်အတွက် ပြင်သစ်အသင်း၏ ယူရို ၂၀၀၈ပြိုင်ပွဲ၌ ပါဝင်ကစားရန် မဖြစ်နိုင်တော့ကြောင်း ပြင်သစ်နည်းပြ ရေမွန်ဒိုမီနက်က ပြောကြားသည်။

ဂျူဗင်တပ်စ်၏ တိုက်စစ်မှူး ထရက်ဇီဂေးသည် ယင်းပြိုင်ပွဲ ပထမပိုင်းတွင် ခြေစွမ်းမပြနိုင်သော်လည်း ချယ်လ်ဆီး ကွင်းလယ်ကစားသမား မာလူဒါ၊ တိုက်စစ်မှူး အနယ်ကာနှင့် ဘိုင်ယန်မြူးနစ် ကစားသမား ဖရန့်ရစ်ဘာရီတို့က ခြေစွမ်းပြကစားနိုင်ခဲ့သည်။ **(အင်တာနက်)**

မန်ယူလက်ထောက်နည်းပြ ဘင်ဖီကာသို့ ပြောင်းမည်မဟုတ်

လန်ဒန် မတ် ၂၉

မန်ယူနည်းပြ ဆာအလက်ဇ် ဖာဂူဆန်က ၎င်း၏ လက်ထောက်နည်းပြ ကားလို့စ်ကွီရော့သည် လာမည့် ရာသီတွင် ဘင်ဖီကာနည်းပြ ဖြစ်လာလိမ့်မည်ဟု မျှော်လင့် မထားကြောင်း ပြောကြားလိုက်သည်။

နည်းပြလုပ်ခဲ့

ဘင်ဖီကာက ကွီရော့အား နည်းပြဖာနန်ဒိုချာလာနာထံမှ လွှဲပြောင်းယူရန် လိုလားလျက် ရှိသည်။ အသက်၅၅ နှစ်ရှိ ကွီရော့သည် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီက ရီးရဲမက်ဒရစ် နည်းပြလုပ်ခဲ့သူ ဖြစ်သည်။

(အင်တာနက်)

ဘန်းရှူးစတား ရီးရဲ၌ ဆက်ရှိမည်

မက်ဒရစ် မတ် ၂၉

ရီးရဲမက်ဒရစ် နည်းပြ ဘန်းရှူးစတားသည် ယခုနှစ် စပိန်လာလီဂါတွင် ဖလားမရသည့်တိုင်အောင် ရီးရဲမက်ဒရစ်အသင်း နည်းပြအဖြစ်

ရီးရဲမက်ဒရစ်နည်းပြ ဘန်းရှူးစတား

ဆက်လက် လုပ်ဆောင်သွားလိမ့်မည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ရေမွန်ကယ်ဒါရွန်က ပြောကြားသည်။

မိမိအား အသင်းဥက္ကဋ္ဌက ဖလားမရသည့်တိုင်အောင် ရီးရဲမက်ဒရစ်၌ ဆက်လက် တာဝန်ယူရမည်ဖြစ်ကြောင်း၊ ယင်းမှာ စီမံကိန်းတစ်ရပ်ပင်ဖြစ်ကြောင်း၊ မိမိတို့ အသင်းကိုကောင်းအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ဘန်းရှူးစတားက ပြောကြားသည်။ (အင်တာနက်)

နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲ တောင်အာဖရိက အားကစားသမားများရေပန်းစား

အီဒင်ဘတ် မတ် ၂၉

(၃၆)ကြိမ်မြောက် နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲကို ဗြိတိန်နိုင်ငံ အီဒင်ဘတ်မြို့၌ မတ်၃၀ရက် **(ယနေ့)**တွင်စတင်ကျင်းပမည် ဖြစ်သည်။

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲသို့ ကမ္ဘာ့နိုင်ငံအများအပြားမှ ပြေးခုန်ပစ်အားကစားသမားများ ပါဝင်ဆင်နွှဲကြမည်ဖြစ်ပြီး ပြိုင်ပွဲအသီးသီး၌ ဆုတံဆိပ်ရရှိမှုအများဆုံးမှာ တောင်အာဖရိက အားကစားသမားများ ဖြစ်နိုင်ကြောင်း မီဒီယာများက ဖော်ပြသည်။

တောင်အာဖရိက ပြေးခုန်ပစ် အားကစားသမားများသည် **(အောက်ပုံ)** ပြိုင်ပွဲ မကျင်းပမီ လအတန်ကြာကပင် လေ့ကျင့်ရေးများ ပြုလုပ်လျက်ရှိပြီး စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ပေးထားကြောင်း ဖော်ပြသည်။

(အင်တာနက်)

အဲဗာတန်တိုက်စစ်မှူး တင်ကာဟေးလ် ခြေချောင်းကျိုး၍ ရာသီကုန်အထိနားရမည်

လန်ဒန် မတ် ၂၉

အဲဗာတန်မှ ဩစတြေးလျတိုက်စစ်မှူးတင်ကာဟေးလ်သည် ခြေချောင်းကျိုးသွားသဖြင့် ရာသီကုန်အထိ အနားယူရလိမ့်မည်ဖြစ်ကြောင်း ၎င်း၏ ပရီမီယာလိဂ်ကလပ်က မတ်၂၈ရက်၌ ပြောကြားသည်။ ကာဟေးလ်သည် တရုတ်သို့ ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ အဝေးကွင်း သွားရောက်ကစားရာတွင် ဩစတြေးလျအသင်းအတွက် ပါဝင်ကစားနိုင်မည် မဟုတ်ပေ။ ၎င်းသည် ပြီးခဲ့သော သီတင်းပတ်က ဝက်စ်ဟမ်းအသင်းနှင့် ကစားရာ၌ ခြေထောက်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေနှင့် မြင့်မောင်စိုး စုစည်းသည်

ကျေးဇူးဆပ်ပါမည်

ကွန်ပျူတာ လက်ပ်တော့ ဦးဝိစာရလမ်းပေါ်တွင် မေ့ကျန်ခဲ့ပါသဖြင့် ဒေတာနှင့်အတူ ပြန်လည်အပ်နှံနိုင်သူအားကျေးဇူးဆပ်ပါမည်။

ဦးခင်မောင်သက်(မကွေး)
ဖုန်း-၀၉-၅၀-၁၁၉၆၈၊
ကိုတူး-မပပ ဖုန်း-၀၉-၅၁-၁၀၈၉၃။

မီမီဟန်

မမ အသည်းအသန်နေမကောင်းဖြစ်နေတယ်။
အမြန်ပြန်လာပါ။

အဖေ
ဦးဘဟန်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၅၉၄၂၊ ကန်ဘို-၁၁၀ယာဉ်လက်ဝယ်ရှိ ဦးလှမိုး ၁၄/ခနဖ(နိုင်)၀၅၄၅၁၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ၁၅ရက်အတွင်း အောက်ပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မအူပင်)။**

ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ

ရန်ကုန် မတ် ၂၉

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)က ကြီးမှူး၍ လစဉ်ကျင်းပလျက်ရှိသော ဘာသာရပ်ဆိုင်ရာပညာရှင်များဟောပြောပွဲကို Access Spectrum Computer Sales and Services Co., Ltd ၏ ပံ့ပိုးကူညီမှုဖြင့် ဧပြီ၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်၂၉ရှိ UMFCCI Officer Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခ ဒေါက်တာဒေါ်ခင်စန်းရီက ဟောပြောမည်ဖြစ်သည်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (E.S.E)နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(Y.E.S.B) တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အားသုံးစွဲသူများ၏မီတာများကို တာဝန်ကျ မီတာစာရေးများက လစဉ်အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

၁။ လ၏ ၁ ရက်နေ့မှ ၅ရက်နေ့အတွင်း တာဝန်ကျမီတာစာရေးများမှ ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။

၂။ လ၏ ၆ရက်နေ့မှ ၁၀ရက်နေ့အတွင်း ဓာတ်အားခငွေတောင်းခံလွှာများ ပြုလုပ်ပါမည်။

၃။ လ၏ ၁၁ရက်နေ့မှ ၁၅ရက်နေ့အတွင်း မီတာဖတ်စာရေးများမှ ကျသင့်ဓာတ်အားခ ငွေတောင်းခံလွှာများအား ထပ်မံလာရောက်ဝေပါမည်။

၄။ ဓာတ်အားသုံးစွဲသူများသည် ဓာတ်အားခ ငွေတောင်းခံလွှာများ စတင်ဝေသည့်ရက်မှစ၍ ငွေတောင်းခံလွှာတွင်ပါရှိသော နောက်ဆုံးပေးဆောင်ရန် သတ်မှတ်ထားသည့်ရက်အတွင်း သက်ဆိုင်ရာမြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် အမြန်လာရောက်ပေးဆောင်ရပါမည်။

၅။ ဓာတ်အားခငွေတောင်းခံလွှာများ ငါးကြိမ်ဝေမည့်ရက်အလိုက်နှင့် ငွေစတင်ပေးဆောင်ရမည့်ရက်၊ နောက်ဆုံးပေးဆောင်ရမည့် ရက်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ဓာတ်အားခငွေ တောင်းခံလွှာများ ဝေမည့်ရက်	တောင်းခံလွှာ ဝေမည့် ရာခိုင်နှုန်း	ငွေပေးဆောင်ရမည့်ကာလ		ငွေသွင်းခွင့်ရ ရက်ပေါင်း
			စတင်ပေးဆောင်ရမည့်ရက် (မှ)	နောက်ဆုံးပေးဆောင်ရမည့်ရက် (ထိ)	
၁။	၁၁-ရက်	၁၆%	၁၁-ရက်	၁၇-ရက်	၇-ရက်
၂။	၁၂-ရက်	၁၈%	၁၂-ရက်	၁၉-ရက်	၈-ရက်
၃။	၁၃-ရက်	၂၀%	၁၃-ရက်	၂၁-ရက်	၉-ရက်
၄။	၁၄-ရက်	၂၂%	၁၄-ရက်	၂၃-ရက်	၁၀-ရက်
၅။	၁၅-ရက်	၂၄%	၁၅-ရက်	၂၅-ရက်	၁၁-ရက်

၆။ ငွေသွင်းရန် သတ်မှတ်ထားသည့် ၁၁ရက်မှ ၂၅ရက်အတွင်း ငွေလက်ခံကောင်တာများကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄နာရီအတွင်း ဖွင့်ထားမည်ဖြစ်ပြီး ငွေသွင်းရန်ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှုခံရပါမည်။

၇။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများသည် ရုံးပိတ်ရက်များအပါအဝင် လ၏ ၁ရက်နေ့မှ ၅ရက်နေ့အတွင်း မီတာများအလွယ်တကူ ဖတ်ရှုနိုင်ရေး၊ လ၏ ၁၁ရက်နေ့မှ ၁၅ရက်နေ့အတွင်း ငွေတောင်းခံလွှာများ လာရောက်ပေးဝေမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

၈။ အထက်ပါ ဆောင်ရွက်ချက်များကို ဖော်ပြပါ အစီအစဉ်အတိုင်း လစဉ်ဆောင်ရွက်သွားပါမည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့။

လက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးကျော်သိန်း-ဒေါ်ထွေးဖြူ (မထွေးဖြူအထည်ဆိုင်၊ အဆင့်မြင့်မင်္ဂလာဈေး)
တို့၏သားကြီး
မောင်မျိုးကျော်ဦး
Master Mariner (F.G)
Chief Officer, Ocean Tankers (Pte) Ltd., Singapore
နှင့်
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးထွန်းတင် (Chief Engineer, Max Myanmar Co., Ltd.)
အင်ဂျင်နီယာမှူးကြီး(ငြိမ်း)၊ (ဆမစ)-ဒေါ်မြဝင်း(အထပြ၊ ငြိမ်း)တို့၏သမီး
ဒေါက်တာသီရိဂီဝင်း
M.B., B.S (Ygn), 2nd Year, M.Med.Sc (Ophthalmology)

တို့၏ ၁၆-၃-၂၀၀၈ရက်တွင် နေအိမ်၌ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်နှင့်ဇနီး ဒေါ်အေးခိုင်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးအုန်းမြင့်၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဦးမောင်သိန်းဦးနှင့် ဦးထွန်းဦးကျော်၊ ၂၉-၃-၂၀၀၈ရက် နံနက်ပိုင်း နေအိမ်တွင် ရခိုင်ရိုးရာမလေ့ထုံးစံနှင့်အညီ ကျင်းပသော မင်္ဂလာဆောင်သမက်တက် အောင်မြင်စွာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့်သူငယ်ချင်းများအားလုံး၊ ၂၉-၃-၂၀၀၈ရက်ညပိုင်းတွင် Sedona Hotel(Grand Ballroom) ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်(ငြိမ်း)နှင့်ဇနီး သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာဒေါ်နန်းဦးတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော နှလုံးခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဌာနမှူး(ငြိမ်း) ဒေါက်တာဦးရဲမြင့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ခင်လေး တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း) ဦးခင်မောင်ရင်နှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲတွင် အဘက်ဘက်မှကူညီဆောင်ရွက်ပေးပါသော Max Myanmar Co.,Ltd. မှ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်ဇနီး၊ ဒါရိုက်တာအဖွဲ့ဝင်လူကြီးများ၊ ကုမ္ပဏီဝန်ထမ်းများအားလုံး၊ Ocean Tankers(Pte) Ltd.,(Local Representative) ဦးဝင်းငွေနှင့်ဇနီး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင်စိမ်းမိုမို့၊ တေးသံသာများဖြင့် ဖျော်ဖြေပေးပါသော Cupid Music Band၊ ပန်းအလှဆင်ပေးသော မစန်းစန်းဦး၊ မိတ်ကပ်၊ ဆံပင်ပြင်ဆင်ပေးသော မိတ်ကပ် ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံစီစဉ်ပေးသော ကိုကို(Fashion Tailor Designer)၊ လက်ဝတ်ရတနာဆင်ယင်ပေးသော Diamond Crown ရတနာဆိုင်၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာဖြူနွဲ့ဇင်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မဝေမွန်အေး၊ သတို့သားအရံအဖြစ်ဆောင်ရွက်ပေးသော မောင်နေလင်းအောင်နှင့် မောင်ဇော်သူ၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော ဒေါက်တာဖြိုးကျော့ကျော့ခိုင်နှင့် ဒေါက်တာအေးမြတ်ခိုင်၊ ဆီဒိုးနားဟိုတယ်မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် အဘက်ဘက်မှ ကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးကျော်ဦး-ဒေါက်တာသီရိဂီဝင်း။

မွေးနေ့မင်္ဂလာဆုတောင်း

၃၀-၃-၂၀၀၈ရက်တွင်ကျရောက်သော **မပုလဲဉ**၏မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ချစ်သောမိသားစုနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါသည်။

ချစ်ခင်ပွန်း - ကိုသက်အောင်
သမီးကြီး - သက်ဦးခင်
သမီးငယ် - သက်ဦးမေ
ကိုကြီး - ဗိုလ်မှူးလင်းဇော်ထွန်း-မခင်သူဇာလှိုင်
တူမလေး - သီရိဆင့်၊ သီရိတင့်
ကိုကြီး - ဇေယျာကျော်
မောင်လေး - ဒေါက်တာဖြိုးသီဟနိုင်။

မင်္ဂလာဦးဆုတောင်းလွှာ

ကိုမျိုးကျော်ဦး နှင့် **ဒေါက်တာသီရိဂီဝင်း**တို့၏ ၂၉-၃-၂၀၀၈ရက် မင်္ဂလာဦးမှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ပျော်ရွှင်စွာဖြင့် ဘဝခရီးလမ်း လျှောက်လှမ်းနိုင်ပါရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။ **ညီအစ်ကိုမောင်နှမများ။**

Air- Con

အဟောင်းအပျက်များ ဈေးကောင်းပေးဝယ်ပါသည်။
ကိုမောင်မောင်တင်
ဖုန်း-၀၉-၅၁-၃၀၀၄၃၊ ၀၉-၈၀-၂၂၇၈၀။



ပျောက်ဆုံးခြင်း

Hpoun Htut San Co., Ltd.ဖြင့် ITTP- 723/08 DT; 29-1-2008 ၏ (Credit Advice နှင့် Memorandum မှာ ၂၂-၂-၂၀၀၈ရက်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၂၂၀၃၄၁၊ ၂၁၄၆၉၇။

တည်ပင်ကန်ပေါက်ကျေးရွာ မီးဘေးဒုက္ခသည်များအား မကွေး၌ ထောက်ပံ့လှူဒါန်းငွေများ ပေးအပ်

မကွေး မတ် ၁၅

မကွေးတိုင်း မကွေးမြို့နယ် တည်ပင် ကန်ပေါက်ကျေးရွာ မီးဘေးဒုက္ခသည်များအား ရန်ကုန်မြို့ ကျောက်ရေတွင်း သာသနာ့ အောင်မြေကျောင်းစာသင်တိုက် နာယက ဆရာတော် ဘဒ္ဒန္တဇယဝံသက ငွေကျပ်ငါးသောင်း၊ အမေရိကန်ပြည်ထောင်စုမှ ဘဒ္ဒန္တအာစာရကငွေကျပ်ငါးသောင်း၊သာသနာ့ အောင်မြေကျောင်း စာချ ဆရာတော် ဦးသြသဓာက ငွေကျပ် နှစ်ထောင်၊ ဦးစိုင်းတင်ဝင်း - ဒေါ်နန်းခင်ယု ခြောက်မိုင်ခွဲ ပြည်လမ်း ရန်ကုန် (အထည်)က ငွေကျပ်ငါးသိန်း၊ ဦးမျိုးမြင့်-ဒေါ်ရူပါ ဝင်ဒါမီယာ ရန်ကုန်က ငွေကျပ် နှစ်သိန်း၊ ဒေါ်ခင်ခင်၊သမီး ငယ်မယုယုခင်အမှတ်(၇၅)ကုန်သွယ်လမ်း၊ ကျောက်မြောင်းက ငွေကျပ်တစ်သိန်း၊ ဦးဦးထွန်း-ဒေါ်မြကြင် ဗဟန်း၂လမ်း ရန်ကုန်(အဝတ်အထည်)က ငွေကျပ် ရှစ်သောင်းငါးထောင် လှူဒါန်း ထောက်ပံ့ကြကြောင်း သိရသည်။**(အောက်ဝဲပုံ)** (က-ပ)

စာကြည့်တိုက်ဖွင့်

သာစည် မတ် ၁၅

သာစည်မြို့နယ် ညောင်အိုင်ကျေးရွာအုပ်စု ကမ်းပါးမြင့် ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဖေဖော်ဝါရီ ၂၈ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် အသိပညာပေးဟောပြောခြင်း အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းတင့်က ကျေးလက်များအရောက် နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ နိုင်ငံတော်၏ရေးဆွဲပြီးအခြေခံဥပဒေအကြောင်း၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ အောင်မြင်ရေးအတွက် လုပ်ဆောင် သွားရမည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသွားသည်။

(မြို့နယ် ပြန်/ဆက်)

မော်ကွန်းပိဋကတ်စာကြည့်တိုက်ဖွင့်ပွဲ နေပြည်တော်လယ်ဝေး၌ ကျင်းပ

နေပြည်တော်လယ်ဝေး မတ် ၂၂

နေပြည်တော်လယ်ဝေး ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် အဂ္ဂမဟာမော်ကွန်းပိဋကတ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၄ရက်က ကျင်းပသည်။

စာကြည့်တိုက် အဆောက်အအုံသစ်ကို ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒ၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

လှူဒါန်း

ဆက်လက်၍ အဂ္ဂမဟာမော်ကွန်းပိဋကတ်စာကြည့်တိုက်သို့ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့်ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်တို့က စာအုပ်များလှူဒါန်းကြသည်။

အထိမ်းအမှတ်

ထို့နောက် ပေါက်မြိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒက သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့အား စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်ကြသည်။

ပေးအပ်

ထို့နောက် စာကြည့်တိုက်အတွင်းသို့လှည့်လည်ကြည့်ရှုကြပြီး သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က စာကြည့်တိုက်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြကြောင်း သိရရသည်။ **(မြို့နယ် ပြန်/ဆက်)**

လယ်တီဝိပဿနာ သင်္ကြန်တွင်း တရားစခန်းများ

ရန်ကုန် မတ် ၂၉

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရစာသင်တိုက် ပဓာနနာယက လယ်တီဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ကြီးကြပ်မှုဖြင့် နာဂလိုဏ်ဂူ ဘုရားကုန်းမြေ ကလေးဝတောရကျောင်းတိုက်တွင် ဧပြီ ၁၃ရက်မှ ၂၀ရက်အထိ ခုနစ်ရက်တရားစခန်း ကျင်းပမည်ဖြစ်သည်။ ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ တရားစခန်းများကို ရန်ကုန်တိုင်း စမ်းချောင်း လယ်တီမူ ဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်းတိုက်၊ အင်းစိန် ထန်းတပင်ဘုန်းကြီးကျောင်း၊ မြင်သာ မြို့ဦးကျောင်း၊ ဝွတ္တလစ်လွတ်လပ်ရေးကျောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၃၅ရပ်ကွက် ညီမူရာဓမ္မာရုံ၊ဗဟန်း၁လမ်း၊သာရဝေါ သီလရှင်စာသင်တိုက်၊ တွံတေးဝိဇ္ဇာညီနောင်လယ်တီတရားစခန်း၊ဘိုကလေး ကျော်ဇံကျောင်း၊ ကျုံပျော်ညောင်ပင်ကွင်း၊ လှည်းကူးရွှေကြာရုံစေတီ၊ ပဲခူးမဟာကြီးစေတီ၊ ရွှေဂူလေးစေတီ၊ တိုက်ကြီး ပြည်သဒ္ဓမ္မဇောတိကာရုံ၊ မော်လမြိုင် ပညာရာမကျောင်း၊ သရက်ကျိုက်ဒေးယျုံ၊ နေပြည်တော် ပျဉ်းမနား မဟာလယ်တီတိုက်၊ ရမည်းသင်း ရွှေမင်းဝံ၊ ပျော်ဘွယ်ရှားတောကျောင်း၊ မုံရွာမြို့ သုဓမ္မစာရီဗိမာန်၊ ရွှေတောင် ဦးစေတီ၊ ဆားလင်းကြီး ညောင်ပင်အိုင်တောရ၊မြင်းမူလည်းပင်းကျေးရွာ၊ ကလေးမြို့ချင်းဆိုင်၊ မင်းကင်းပွင့်လျှက်ရွာ၊ တမူး အောင်နိမိတ်ကုန်း၊ ကနီမြို့နယ် ကုန်းသာရွာ ကျောင်းများတွင် ကျင်းပမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများသည် နီးစပ်ရာတရားစခန်းများနှင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ကညွတ်ကွင်းမြို့တွင်း ကတ္တရာလမ်းဖွင့်ပွဲ ကျင်းပ

ဖြူး မတ် ၂၅

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ကညွတ်ကွင်းမြို့တွင်း ကတ္တရာလမ်းများ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက် နံနက်၉နာရီက အမှတ်(၅)လမ်းနှင့်မိဿလင်လမ်းဆုံ မုခ်ဦးတွင်ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ခဲ့သော မြို့ပြနှင့်ကျေးလက်လမ်း၊တံတားများ ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်

ထို့နောက် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် တောင်ငူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်း တို့က အမှတ်(၅)လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ရွာမ (၁) လမ်းကတ္တရာလမ်းကို ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် ရပ်မိရပ်ဖ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖြူးမြို့နယ်

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြ ကတ္တရာလမ်းကိုးလမ်း၊ ကျောက်ချောလမ်းနှစ်လမ်းနှင့် ကျေးလက်လမ်းတစ်လမ်း စုစုပေါင်း လမ်း၅မိုင် ၃ဖာလုံ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၁၉ ရက်က ပဲခူးတိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်ပြီးဖြစ်သော မြို့သစ်လမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ငွေးနှင့် အမှုဆောင်အရာရှိ ဦးကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့နယ် မိုးကုတ်ရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ဖြူး မတ် ၂၅

ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့ ၂၁လမ်း ဘူတာတောင်ရပ်ကွက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၇)၌ (၉၇)ကြိမ်မြောက် မဟာသင်္ကြန်တရားစခန်းပွဲကို တန်ခူးလဆန်း ၆ရက်မှ ၁၂ရက် (ဧပြီ၁၁ရက်မှ၁၇ရက်) အထိ ကျင်းပမည်ဖြစ်သည်။

ဟောကြား

ယင်း တရားစခန်းပွဲကြီးတွင် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် မအူချောင်းကျေးရွာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာမှ သာသနာပြု နယ်လှည့် ဓမ္မကထိကဆရာတော် ဦးသီလာစာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သဖြင့်မည်သူမဆို တရားအားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

မတ် ၁၇ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအပြင်ဘက်တွင် စည်ပင်သာယာရေးအဖွဲ့က ပလက်ဖောင်းပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဗဟန်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ငွေလှူဒါန်း

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နတ်မောက်လမ်း အမှတ် ၈၂ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း တည်ဆောက်လျက်ရှိသော လေးထပ်ဘောဇနဆောင်အတွက် လက်ရှိ အဆောင်မှူးဆရာတော် ဘဒ္ဒန္တသောပါက က အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး အမှုဆောင် ဦးအောင်သိမ်းက လက်ခံယူသည်။ **(အပေါ်ပုံ)** အဆိုပါ လေးထပ်ဘောဇနဆောင်အတွက် လှူဒါန်းလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အမကကျောင်းခွဲဖွင့်ပွဲ ရေဦးမြို့နယ်၌ ကျင်းပ

ရေဦး မတ် ၂၇

ရေဦးမြို့နယ် ညောင်နီကန်အုပ်စု ဝက်ဖြူကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးစိုးညွန့်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးမြင့်နိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

၎င်းနောက် တွေ့ဆုံပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ထွန်းက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများ၊ ပညာရေးမှူး ဦးစိုးညွန့်က ပညာရေးဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒများ၊ ကျောင်းကော်မတီ ဥက္ကဋ္ဌ ဦးသောင်းဌေးက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော အချက်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

(က-ပ)

ကျိုက်ထိုမြို့နယ်၌ စက်ရေတွင်းဖွင့်

ကျိုက်ထို မတ် ၂၄

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သော သုံးခွကျေးရွာ စက်ရေတွင်းမှ ရေပေးရေးဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မောင်သန်း ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းမြင့်အောင်က ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

မုဒုံမြို့နယ် ဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွား ၁၉ဦးအား ကျိုက္ခမီဘုရားဖူးပို့ဆောင်ခြင်းခရီးစဉ်တွင် အဖွဲ့ခေါင်းဆောင်ဒေါ်လှလှချို (ပြည်နယ်စာရင်းစစ်မှူး)က အလှူငွေကျပ်ငါးသောင်းကို ကျိုက္ခမီဘုရားဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။

(၀၁၁)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ခဲ့သည့် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော တံခွန်တိုင်ကျေးရွာအလှူရှင်စက်ရေတွင်းအား အမှုဆောင်အရာရှိ ဦးနီထွန်း၊ လက်ထောက်အင်ဂျင်နီယာဦးအောင်မြင့်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီတာဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျောက်ချောလမ်း ဖွင့်လှစ်

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘူးသီးတောင်-အငူမော် ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို မတ်၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူး ညိုမောင်းနှင့် ခေတ္တအမှုဆောင်အရာရှိ ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ပြည်ရွှေဆံတော် စေတီတော်အတွက်ငွေလှူဒါန်း

ပြည် မတ် ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ သမိုင်းဝင်လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး အနောက်ဘက်စောင်းတန်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ်၁၇ရက်က ရွှေဆံတော်ရင်ပြင်တော်ရှိ ဂေါပကအဖွဲ့ရုံးတွင်ကျင်းပသည်။ အခမ်းအနားတွင် ပြည်မြို့ ပန်းဘဲတန်းလမ်း ကြေးကုန်သည်ကြီး ဦးစံဦး-ဒေါ်ခင်အေး၊ သား ကိုဌေးအောင်၊ ကိုထွန်းထွန်းဝင်း-မခင်သက်ဆွေ၊ သမီးကြီး မအေးမြတ်သူ၊ သားလတ် မောင်ကျော်မင်းထွန်း၊ သမီးငယ် မကြည်ကြည်လှိုင် မိသားစုတို့က အလှူငွေကျပ် ၂၉သိန်းကို ပေးအပ်လှူဒါန်းရာ အလှည့်ကျဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

လှူဒါန်းနိုင်

အလှူရှင်များအနေဖြင့် ဖုန်း-၀၅၃-၂၅၀၃၅၊ ၀၅၃-၂၅၁၈၀၊ ဂေါပကအဖွဲ့ရုံး ပြည်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၅၇)

(၆၃)နှစ်မြောက် တပ်မတော် နေ့ကို ဂုဏ်ပြုသော အားဖြင့် ဘားအံမြို့ အမှတ် (၅)ရပ်ကွက် စည်ပင်သာယာရေး အဖွဲ့နှင့် ပြည်သူတို့ ပူးပေါင်းဆောင် ရွက် သည့် အောင်နန်း မင်္ဂလာ ၁ လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ ရက်က အဆိုပါ လမ်းထိပ် မုခ်ဦး၌ ကျင်းပရာ ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဦးမြတ်ထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု ဖန်းမော်၌ ကတ္တရာလမ်းသစ်ဖွင့်

ဖန်းမော် မတ် ၂၇

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော အရှည်ပေ၁၇၈၀၊ အကျယ် ၁၂ပေရှိ ခွန်သာ-တပ်ကလေး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၅ရက်က အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ ကျင်းပရာ အခမ်းအနားသို့ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးဌေးလွင်၊ ဖန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်အေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့်ခွန်သာရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံကြီးတို့က အဆိုပါလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ခွန်သာ-တပ်ကလေး ကတ္တရာလမ်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြပြီး ခွန်သာရပ်ကွက်ဥက္ကဋ္ဌ ဦးအုံကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

မော်လမြိုင်မြို့ မြေနီကုန်းရပ် ဘုရားနှစ်ဆူကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ၌ တည်ထားသော ဆံတော်ရှင်ဘုရားနှစ်ဆူ သစ္စာအောင်မြေ စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရန်အတွက် မတ် ၂၁ ရက် (တပေါင်းလပြည့်နေ့)တွင် ကျေးစူးရှင် ဖခင်ကြီးဦးမျှင်(ခ)ဦးထွန်းတင်အား ရည်စူး၍ ဇနီးဖြစ်သူ ဒေါ်အေးကြိုင်၊ သား ကိုပန်းဦး-မမိုးစန္ဒာ၊ ကိုဉာဏ်လင်း-သမီး မအေးသန်း၊ သမီး မနှင်းနွယ်(ဆန်းသစ်ဦးစိန်ရွှေ ရတနာဆိုင်) မိသားစုတို့က အလှူငွေကျပ်သိန်း ၂၆၀ အား ပဓာနနာယက ဆရာတော် နယ်လှည့်မွေကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ရေဝတထံဆက်ကပ် လှူဒါန်းစဉ်။ (ဝ၁၄)

မြို့နယ်သတင်းများ

ဝန်ကြီး၏ လမ်းညွှန်မှာကြားချက် ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

မြစ်ကြီးနား မတ် ၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၃ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးခန်း၌ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်း

အဆိုပါ ရှင်းလင်းပွဲတွင် ကချင်ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းလွင်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏လမ်းညွှန်မှာကြားချက်များဖြစ်သည့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး၊ ဝန်ထမ်းများအားလုံး အရည်အချင်းရှိအောင် စဉ်ဆက်မပြတ်လေ့လာ၊ ဖတ်မှတ်၊ လေ့ကျင့်သင်ကြားရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် မိမိနယ်မြေဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးကို စီမံချက်ချပြီး ဖြစ်မြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန် (၁၁)ရပ်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၈-၂၀၀၉ လုပ်ငန်းတာဝန် (၁၁)ရပ်တို့ကို အသေးစိတ် ထပ်ဆင့်ရှင်းလင်းပြီး ခရိုင်၊ မြို့နယ်များ၏ တင်ပြချက်များကို ရှင်းလင်းညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

ကျေးရွာစာကြည့်တိုက်သို့ ရေဒီယိုများ လှူဒါန်း

မော်လိုက် မတ် ၅

မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ လှူဒါန်းမှုဖြင့် မော်လိုက်မြို့နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရေဒီယိုများ လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၅ ရက်က မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လွင်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ရေဒီယိုများလှူဒါန်းပေးအပ်ပွဲကို ကျင်းပရာ ခိုင်မာကျေးရွာစာကြည့်တိုက် ကော်မတီဝင်များက ရေဒီယိုအလုံး ၂၀အား အသီးသီး လက်ခံယူကြသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကျေးရွာဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့များ စုံညီစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် မြို့ပြစံပယ်လမ်း(ဈေးတန်း-၁၆လမ်း) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်လင်း၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် ဈေးတန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဝင်းသာ တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်

မိုးကောင်း မတ် ၁၆

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ နှစ်စဉ်တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ရက်က ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးယဉ်မင်းကျော် တာဝန်ယူ၍ ထုံးရေပေါက်ကျေးရွာအုပ်စု၌ တစ်လက်မခွဲ လက်နှိပ်တုံကင်တွင်းတူးဖော်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဝ၁)**

နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

ကော့ကရိတ် မတ် ၁၂

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးရန်နိုင်ကျော်သည် ကော့ကရိတ်မြို့ ချောင်းတောင် အထက(ခွဲ)တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကိုကျင်းပရာ မြို့နယ်ဦးစီးမှူးက ကျောင်းအုပ်ဆရာကြီး ဦးရွှေကြည်ထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။ အဆိုပါ အခမ်းအနားသို့ ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကြည်လင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ခဲ့သော မြို့ဝင်လမ်း ကတ္တရာထပ်ပိုးလွှာခင်း လမ်းဖွင့်ပွဲကို မတ်၂၃ရက်က မှန်ဦးရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းလွင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ချောက်မြို့နယ် အမှတ်(၁၅) နယ်မြေ တိုးချဲ့ရပ်ကွက်ရှိ ရန်အောင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၁၉ရက်က အဆိုပါ ကျောက်ချောလမ်းသစ်ဖွင့်ပွဲ မုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရောင်ခြည်ဦးစာကြည့်တိုက် စလင်းမြို့နယ်၌ဖွင့်

စလင်း မတ် ၉

စလင်းမြို့နယ် ရွာမှတ်ကျေးရွာအုပ်စု ရွာမှတ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ရောင်ခြည်ဦးစာကြည့်တိုက် ဖွင့်ပွဲ၊ စာအုပ်လှူဒါန်းပွဲနှင့် အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က အဆိုပါ ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယမြို့နယ်မှူး အော်ဂင်က မူခင်းကျဆင်းရေး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးဌေးလွင်က မီးဘေးကြိုတင်ကာကွယ်ရေး၊ ဦးပေါ်ဦးက ပညာရေးကိစ္စဆိုင်ရာများ၊ ကျန်းမာရေးဌာနမှ သူနာပြုဒေါ်ခင်စန်းက ကျန်းမာရေးဆိုင်ရာများ၊ မြို့နယ် တရားသူကြီး ဦးဌေးအောင်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန်အမျိုးသားညီလာခံ စုံညီ အစည်းအဝေးက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံမူများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်မောင်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း ဆွေးနွေးပြီးအလှူရှင်များက စာအုပ်များ လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်သူ့သဘောထား

- ■ တည်ငြိမ်မှုကို လိုလားသည်
- ■ အေးချမ်းမှုကို လိုလားသည်
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

နေပြည်တော် မတ် ၃၀

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက် ဟာမစ်အန်ဆာရီ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် အိန္ဒိယသမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၉

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မတ် ၂၉ရက်က စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် မြဝတီရုပ်မြင်သံကြား တေရသမ နှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက် ၂၀၀၇ခုနှစ် မြဝတီ/ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်။

(သတင်း-၉) (သတင်းစဉ်)

နိုင်ငံတော်၏ စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးရေး အမျိုးသားအကျိုးစီးပွားဘဝ တိုးတက်ဖြစ်ထွန်းရေး အောင်မြင်သည်ထက်အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် မတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၆ ❐